New Tiger စာ၆ပ

www.burmeseclassic.com

# အလင်းရောင် တာဝန်ဆောင်များ

BURMESE CLASSIC .com

ရွှာဝတီ

## မောင်ဂိုရှင်ဂိ

ပြုစုသည်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း ကြိုတင်ခွင့်ပြုအမှတ် (၄၄၂/၉၂) (၁၀)
မျက်နှာဖုံးကြိုတင်ခွင့်ပြုအမှတ် (၃၃၂/၉၂) (၁၀)

ထုတ်ဝေသည့်ခုနှစ်.....၁၉၉၇-ဧပြီလ
အကြိမ်..... ပထမအကြိမ်
အုပ်ရေ.....၅၀၀
တန်ဖိုး.....(၃၀) ကျပ်
မျက်နှာဖုံးပန်းချီ.....ခိုင်သူ
စီစဉ်သူ.....အောင်ရွှေစံ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်ဖြူဖြူမော် (ဖြူမွန်ပုံနှိပ်တိုက်)
(မြ-၀၅၂၂၂)တိုက်ခွဲ၃၁၊ ၈-မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေမြို့နယ်။
ရန်ကုန်။

ထုတ်ဝေသူ
မောင်အောင်ရွှေစံ
ဘဂ်လားအော်စာပေ (မြ-၀၂၇၂၀)
အမှတ် (၃၄/ဃ) ဘ၀မြင့်ရိပ်သာ
သယ်န်းကျွန်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

**စာရေးသူ၏ထုတ်ဝေပြီး စာအုပ်တချို့**

၁။ မှတ်စုမှတ်ရာ နီတိစာ ( ၁၉၈၉-ခု၊ နွန်လ)
၂။ မှတ်ဖွယ်မှတ်ရာ နီတိစာ(၁၉၉၀ခုနှစ်၊ဒီဇင်ဘာလ)
၃။ ကမ္ဘာကျော်နီတိများ (၁၉၉၁-ခုနှစ်၊ဧပြီလ)
၄။ မှတ်သင့်မှတ်ရာ နီတိစာ (၁၉၉၁-ခုနှစ်၊ဇူလိုင်လ)
၅။ အောင်စိတ်အောင်ဇွဲ (၁၉၉၂-ခုနှစ်၊ဒီဇင်ဘာလ)
၆။ လူတိုင်းအတွက် စကား (၁၉၉၃-ခုနှစ်၊ဧပြီလ)
၇။ ဘ၀အောင်လမ်းညွှန် (၁၉၉၃-ခုနှစ်၊ဒီဇင်ဘာလ)
၈။ ဟိန္ဒူက(ရုပ်ပြ) (၁၉၉၄-ခုနှစ်၊အောက်တိုဘာလ)
၉။ အောင်ပွဲခံအောင်ဇွဲမာန် (၁၉၉၄-ခုနှစ်၊ဒီဇင်ဘာလ)
၁၀။ လောကအကြောင်း သိကောင်းစရာ နီတိစာများ (၁၉၉၆-ခုနှစ်၊အောက်တိုဘာလ)

www.burmeseclassic.com

www.burmeseclassic.com

**ဆက်လက်ထုတ်ဝေမည့် နီတိစာအုပ်တချို့**

၁။ အံ့လောက်ဖွယ်ရာ စာပေကဗျာဆိုမိန့်စာများ

(ခွင့်ပြုချက်အမှတ် (၉၁/၉၁) (၃)

၂။ လူတိုင်းအတွက် နှစ်သက်စရာ ဆိုမိန့်စာများ

ခွင့်ပြုချက်အမှတ် ( ၇၅/ ၉၁) (၂)

ရှေ့လထွက်မည့်စာအုပ်

ဘဝအတွက် လက်စွဲပြုစရာ ဆိုမိန့်စာများ

(ခွင့်ပြုချက်အမှတ် (၈၅/၉၁) (၂)

BURMESE CLASSIC .com

**ဆက်လက်ထုတ်ဝေမည့် ပင်ကိုရေးသားပြုစုသည့်**

**စာအုပ်တချို့**

၁။ လောကစံအတွက် တုံ့ပြန်ချက်များ

ခွင့်ပြုချက်အမှတ် (၅၅/၉၃)(၁)

၂။ ရဲရင့်မှုလူ ဖွဲ့ရှိမှုလူ

စာမူခွင့်ပြုချက်အမှတ်(၁၀/၉၃)(၃)

၃။ အောင်မြင်ရေးအတွက် ဖွင့်ဆိုချက်များ

စာမူခွင့်ပြုချက်အမှတ်(၁၀၂/၉၃)(၃)

၄။ အသာစံရေး အနာခံပေး

စာမူခွင့်ပြုချက်အမှတ်(၄၆၀/၉၃)(၁၀)

ရှေ့လထွက်မည့်စာအုပ်

ဘဝပစ်တိုင်းထောင်

စာမူခွင့်ပြုချက်အမှတ် (၅၂၆/၉၃) (၃)

www.burmeseclassic.com

www.burmeseclassic.com

## (ရမ္မာဝတီ) မောင်လှိုင်ညီ

## ဘဝလင်းရောင် စာတန်ဆောင်များ

## မာတိကာ


| | |
|---|---|
| အမှာ | (စာ-၉) |
| ၁။ မသေသူ လူတစ်ယောက်ဖြစ်ဖို့အရေး | (စာ-၁၃) |
| ၂။ ခရီးဆက်ရင်း ပျံသန်းရင်း | (စာ-၁၇) |
| ၃။ အမှန်တရားအတွက် ရပ်တည်ချက် | (စာ-၂၁) |
| ၄။ တမူထူးမောင် ပစ်တိုင်းထောင် | (စာ-၂၅) |
| ၅။ ဘယ်လိုသူလဲမေးချင်တယ် | (စာ-၃၂) |
| ၆။ တန်ဖိုး | (စာ-၃၇) |
| ၇။ အစဉ်တက်ကြွနေ | (စာ-၄၁) |
| ၈။ နိမ့်ပါးတဲ့အရသာရယ် | (စာ-၄၅) |
| ၉။ ဘယ်သူတရားပျက်ပျက် မိမိမပျက်နဲ့ | (စာ-၅၀) |
| ၁၀။ ကိုယ်ရည်ကိုယ်သွေး စွမ်းအားမွေး | (စာ-၅၆) |
| ၁၁။ စေတနာမှန်ဖို့လိုတယ် | (စာ-၆၆) |
| ၁၂။ ကဗျာဆရာနဲ့ ချစ်ရတဲ့ဝေဒနာ | (စာ-၇၁) |
| ၁၃။ မြေကိုချစ်ရင် တီဖြစ်တယ် | (စာ-၇၈) |
| ၁၄။ တချို့ကယုတ်မာကြတယ် မိတ်ဆွေ | (စာ-၈၈) |

www.burmeseclassic.com

မာတိကာ

၁၅။ သနားစဖွယ် လူသားတွေ (စာ-၁၀၀)
၁၆။ နိုးသားမှုလူ၊ ကြိုးစားမှုလူ (စာ-၁၀၈)
၁၇။ ပီဘိ ပီတိ (စာ-၁၁၃)
၁၈။ ဘဝလင်းရောင် စာတန်ဆောင် (စာ-၁၂၂)
- မှိုင်မြမ်းပြုရာစာအုပ်တွေ (စာ-၁၂၈)

BURMESE CLASSIC .com

# အမှာ

စာရေးသူအနေနဲ့ ဒီလို "ပင်ကိုရေး" စာအုပ်ကို မရေးချင်သေးပါ။

ရေးတတ်မယ်လည်း မထင်ပါ၊ ဒါကြောင့်၊ မိမိ ကြိုက်နှစ်သက်ရာ စာစုတွေကို စုစည်းပြီး ထုတ်ခဲ့တာ (၆)အုပ် ရှိသွားပြီ၊ ရိုက်ဖို့ ပြင်ဆင်ထားတာလည်း (၂)အုပ် (၃)အုပ် ရှိပါသေးတယ်။

မိမိဆန္ဒမှာ ကိုယ်ကြိုက်တဲ့ စာမူတွေကို ကိုယ်လိုတဲ့အခါ အလွယ်တကူ ထုတ်နုတ်သုံးစွဲနိုင်ဖို့ကို ရည်ရွယ်ခဲ့ပါတယ်။

ဆို ခဲ့ တဲ့ အတိုင်း သူတို့ထက် သာအောင်လည်း မိမိဘယ်တော့မှ ရေးနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်၊ သူတို့စာစုတွေကို ဆင့်ပွားမျှဝေ ခံစားစေလိုခြင်းသာ စိတ်ရင်းမှန် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ စာအုပ်တွေ ဆက်တိုက် ထုတ်ဖြစ်တဲ့အခါ၊ မိမိကို အချောင်ခို လုပ်စားတယ်ထင်သူတွေနဲ့ ပင်ကို မရေးတတ်လို့ ခုလို လုပ်နေတာလို့ထင်တာမျိုးနဲ့၊ထုံးစံအတိုင်း လိုတစ်မျိုး မလိုတစ်မျိုး၊ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး အမျိုးမျိုး ပြောလာကြပါတယ်။ ပြောချင်သလို ပြောပါစေ၊ မိမိ မတုန်လှုပ်ပါ။ ဒီလို မျှော်လိုက်ရင်း စောင့်ကြည့်နေခဲ့ရာက အကြောင်းကြောင်းကြောင့် အဖုံးရေးပြီး သား ဖြစ်သွားရတဲ့ မိမိရဲ့စာအုပ် အဖုံးကို ကြည့်ပြီး စာတစ်ပုဒ် စာတစ်အုပ်ဖြစ်အောင် ကြံဆောင် ရေးသားလိုက်ရတဲ့အခြေ ဖြစ်နေရပါတော့တယ်။

မိမိတို့ ရုပ်ပြဇာတ်လမ်း လောကမှာ ပုံကို ကြည့်ပြီး (စာ- ဇာတ်လမ်း) ရေးရတာမျိုးတွေ၊ အကြောင်းကြောင်းကြောင့် ရှိကြပါတယ်၊ ဇာတ်လမ်းကျောရိုး ရေးပေးပြီး ခိုင်းတာမျိုးလည်း ရှိပါတယ်။

ခု မိမိမှာလည်း စာရေးမှုအလုပ်နဲ့ အသက်မွေးဝမ်းကြောင်း ပြုသူအဖြစ်မှာ ဟို.....ကချေသည် သီချင်းထဲကလို 'ငိုချင်လျက်နဲ့ ဇာတ်ကွက်ကိုက ရယ်လိုက်ရတယ်' ဆိုတာမျိုး၊ အကြောင်းကြောင်း ကြောင့် လုပ်သလိုမဖြစ်ရင် ဖြစ်သလိုလုပ်



စခန်းသွားရတဲ့ ဘဝ ပေးကို ရဲရဲခံယူပြီး ဒီစာအုပ်ကို မရဲသော်လည်း ပြေးခဲစေဆိုတဲ့ ပမာ ရေးသား တင်ဆက်လိုက် ရပါတယ်။

စာအုပ်မျက်နှာဖုံး ရေးသူရဲ့ စေတနာနဲ့၊ နှစ်ဦးနှစ်ဖက် ရေးသားခဲ့ကြမှုအပေါ်မှာ အလေးထားနားလည် ကိုယ်ချင်းစာမှု ကလည်း အကြောင်းတစ်ချက် ပါပါတယ်။

ဒါကြောင့် ရေးဖြစ်ရတာ ဖြစ်ပါတယ်။

ဒါဟာ လျှောက်လဲချက် မဟုတ်ပါ။ အဖြစ်ကို အမြွက်မျှ တင်ပြခြင်းမျှသာ ဖြစ်ပါတယ်။

စာရေးသူဟာ မိမိတာဝန်ကို ကျေပွန်အောင် ထမ်းဆောင် သလို မိမိဂုဏ်သိက္ခာ၊ လိပ်ပြာကို ကာကွယ်ဖို့ရာ (သို့မဟုတ်) မခံချင်စိတ် ဝေဒနာ၊ မာနနဲ့ အစွမ်းကုန်ပဲ မခိုမကပ် ကြိုးစား ရေးသားထားခြင်း ဖြစ်ပါတယ်။

မှတ်ချက်။ ။ ဒီစာအုပ်ဟာ ပထမဆုံး ရေးပေမယ့် 'အောင်စိတ်အောင်ဇွဲ' က အရင်ထွက်ခဲ့ ရပါတယ်၊ ခု(၄)အုပ်မြောက်အဖြစ် ထွက်ခဲ့ရ တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တကယ် ဖတ်ရှုသူများရဲ့ ဆန္ဒကသာ အခရာ ဖြစ်တာမို့ ပေးလာမယ့် အကြံဉာဏ်များကို စောင့်စား မျှော်လင့် လျက်ပါ။

ဝေဖန်ထောက်ပြ အကြံဉာဏ်များ ပေးကြပါခင်ဗျား.....။

အားလုံးကို လေးစားချစ်ခင်စွာဖြင့်.....

(ရမ္မာဝတီ) မောင်လှိုင်ရီ

BURMESE CLASSIC .com



## ၁။ မသေသူ လူတစ်ယောက်ဖြစ်ဖို့အရေး

ငါ တနေ့နေ့တွင် ဧကန် သေသွားရမည်။ (မရဏံ မေ ဘဝိဿတိ) မသေခင် ကြိုတင်၍ သေပုံ သေနည်းကလေး တစ်ခုခုတော့ အသင့်ပြင်ဆင်ထားပြီး ဖြစ်ရမည်။ တကယ် သေသွားရတော့မည့် အချိန်ပိုင်း မရောက်ခင် လေ့ကျင့်ခန်း ယူထားပြီးဖြစ်မှ နေရာကျမည်။

(တောင်တန်းသာသနာပြုဆရာတော်)

ဦးဥတ္တမသာရ

ဟုတ်တယ်.....၊လူ့ဘဝမှာ နေထိုင်ရှင်သန်ဖို့ အရေး ကြီးသလို သေဖို့လည်း အရေးကြီးပါတယ်။

လူတွေဟာ လူတဖက်သားအပေါ်မှာ ကိုယ်အာ လုပ်ချင် ရာလုပ်မလား၊ လုပ်ရဲကြတယ်၊ နိုင်ထက်ကလူ လိုယ်က သတ်ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုကျင့် အနိုင့်အထက်ကို လက်မခံ့ဘဲ ပြုလုပ်မလား၊ ပြုလုပ်ရဲကြတယ်၊ မျက်နှာတစ်ချက်မပျက် ဟန်တစ်ချက်မပျက် အပြုံးတစ်ချက်မပျက်၊ လုပ်ပြလိုက လုပ်ပြရဲကြတယ်။

တချို့များ ဟန်ရေးဝါရေးထုတ်၊ ဝင့်ဝါမှု သရုပ်သကန် တွေနဲ့ မာန်တပြုပြု ဟန်တကြွကြွ လုပ်ချင်တိုင်း လုပ်ပြရဲကြပါတယ်။

တကယ့်သူရဲကောင်းကြီးတွေပမာ၊ တကယ့် သတ္တိခဲကြီးတွေပမာ ထင်မှတ်စရာပေပဲပေါ့။

တကယ်လည်း လုပ်ရဲသူဘဝမှာ သူတို့တွေဟာ ဒီအတိုင်းပဲ ဖြစ်နေတတ်ပါတယ်။ တစ်ဖက်မှာ တုန်လှုပ်နေတာတွေ၊ ကြောက်ရွံ့ နေတာတွေ၊ စိုးရိမ်ပူပန်မှုတွေဟာ (ပြုသူ) သူ့ဘက်က ကြည့်ပြီး ဟားစရာ၊ လှောင်စရာတွေတောင်မှ ဖြစ်ပျက်ပြီး နေကြပါတော့တယ်။

ဟုတ်ပါတယ်လေ..... ပြေးသူနဲ့လိုက်သူ၊ ကြောက်သူနဲ့ ရွံ့သူ၊ စိုးရိမ်ပူပန်သူ၊ ဟားတိုက်လှောင်ပြောင်သူဟာ သုံးနဲ့လေးပမာ တကယ့် ဆန့်ကျင်ဖီလာသာ ဖြစ်ကြပါတော့တယ်။

ဒါကို (ပြုသူ) တစ်ဖက်သားအမြင်နဲ့ ကြည့်လိုက်တဲ့အခါ

BURMESE CLASSIC .com



တစ်ဖက်သတ်(ပြုလုပ်ခံရသူ)အဖို့ရာမှာ အားလုံးစိုးရိမ်စရာ ချည်းပါ။

ဒါဟာ မေ့တာပါ။

ဒါကိုတလှည့်တပြန် ကိုယ်က ပြုလုပ်ခံရသူဘက်ကနေ ကြည့်လိုက်တဲ့အခါ ကိုယ်ချင်းစာနာစိတ်ဟာ ပေါ်လာမယ်၊ ညှာတာ စိတ်ဟာ ပေါ်လာမယ်၊ နားလည်ခံစားစိတ်တွေက ပေါ်လာမယ်၊ အပူနဲ့အအေး၊အအေးနဲ့အပူ၊ ရှုံးသူနဲ့နိုင်သူ၊ ပြုသူနဲ့ပြုလုပ်ခံရသူ၊ သည်နှစ်ဦးစပ်ကြားမှာ ခံစားမှုတရား ဘယ်လောက်ထိ ခြားနား တယ်ဆိုတာ၊ ထောက်ထားစာနာတတ်လာမယ်။

တကယ်တော့ ဘဝမှာ မိမိဟာ ဘာလဲ။ ဘဝတာမှာ မိမိဟာ ဘယ်လဲ၊ ခွဲခြားနားလည်ဖို့ အရေးကြီးတယ်။

အဲဒီလို ခွဲခြားနားလည်ပြီးရင် မိမိဟာ ပြုလုပ်ခံသူပဲ ဖြစ်ပါစေ။

တော်ရုံလူဟာ ပြုလုပ်သူပဲ ဖြစ်ရဲပါတယ်၊ ပြုလုပ်ဒဏ်ကို ခံရဲသူ အဖြစ် မခံရဲကြပါဘူး၊ မိမိဟာ ပြုလုပ်ဒဏ်ခံရဲသူ ဖြစ်ပါစေ။

မကြောက်မရွံ့ မတွန့်မဆုတ် ဖြစ်ပါစေ။

ဘဝဟာ သေတစ်နေ့ မွေးတစ်နေ့ ဆိုကြတယ်။

မွေးခြင်းတစ်နေ့နဲ့ မွေးဖွားလာကြသလို သေခြင်းတစ်နေ့နဲ့သေကြရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ အများအကျိုး သယ်ပိုးရင်းက၊ဘဝကို အနစ်နာခံပါမှ၊လူဖြစ်ရကျိုးနပ်ကြမယ်။ ဘဝရဲ့ရှင်သန်မှုဟာ အဖိုးအနဲ့ထိုက်တန်လှပါမယ်။

သေခြင်းဟာ အဓိပ္ပာယ်ရှိမယ်၊ သေခြင်းကို အန်တုဖက်ပြိုင် နိုင်ရမယ်။

သေခြင်းကို ဟားတိုက် လှောင်ပြောင်နိုင်ရမယ်။

အဲဒီလို ဖြစ်နိုင်ဖို့အတွက် ရှင်သန်မှုဘဝမှာ အဓိပ္ပာယ်ရှိတာတွေ လုပ်ခဲ့ပြီး ဖြစ်ရမယ်။

အဓိပ္ပာယ်ရှိတာတွေ လုပ်နေပြီး ဖြစ်ရမယ်။

အများအတွက် လုပ်မယ် ရည်ရွယ်ရင်းစိတ် ရှိနေရမယ်။

လူမှာ ပန်းတိုင်ဟာ ဘယ်တော့မှ မသေရပါ။

ဘဝမှာ အသက်သေတာ ဘာမှ အကြောင်းမဟုတ်ပါ။



၂။ ခရီးဆက်ရင်း ပျံသန်းရင်း

- ကမ္ဘာလောက
ကျယ်ပြောစွလေ၊ အံ့လောက်ဖွယ်။
- မိုးကုပ်စက်ဝိုင်း၊ တိုင်းဆမရှိ၊
ကျယ်ပြောဘိကွယ်၊ အံ့လောက်ဖွယ်။
- သေးငယ်လွင့်ပါး၊ ပျံလွှားငှက်ငယ်၊
ခရီးသည်ရယ် တစ်ကောင်လေ။
- တွေဝေမရှိ၊
ငေးငိုင်မရှိ၊ ယောင်တီယောင်ချာ မရှိရှာဘဲ၊
သူ့တာသူ့ဝန် ကျေပွန်ထမ်းရွက်၊
ခရီးဆက်ရင်း ပျံသန်းရင်း၊

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဟာစ်အော်၊ တကြော်ကြော်၊
ဪ. . . . . အားကျစဖွယ်၊
လေးစားဖွယ်လေ့ လေးစားဖွယ်။ ။

ဘဝခရီးအတွက် အားမာန် တက်ကြွဖွယ် ကဗျာလေး တစ်ပုဒ်ပဲ ဖြစ်ပါတယ်။

အနက်အဓိပ္ပာယ် အထူးရှင်းလင်းနေဖို့ မလိုပါ။

ယခုခေတ်၊ ခေတ်ပေါ် ကဗျာတစ်ပုဒ်ပီပီ၊ စာအလင်္ကာ ပေါ်မှာ တန်ဆာဆင်ထားတာ မဟုတ်ပါပဲ ၊ အာဘော် (သို့မဟုတ်) ဆိုလိုချက်အပေါ်မှာ ရပ်တည် ဖော်ကျူးထားတာပဲ ဖြစ်ပါတယ်။

အဓိပ္ပာယ်မှာ မဝေဝါး မဈေွပြားပါ၊ ရှင်းလင်း ပီပြင် လှပါတယ်။

သူဆိုလိုရင်းမှာ ပန်းတိုင်ခရီးအတွက် လျှောက်လှမ်းတဲ့အခါ၊ အခက်အခဲ အဆီးအတား အဖျက်အပြုကို မမှု၊ ဂရုမစိုက်ဘဲ သွားမြဲလမ်းကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းသွားဖို့ ပြောဆိုထားတာပဲ ဖြစ်ပါတယ်။

အဲဒီမှာ ပန်းတိုင်ဟာ ဘာပန်းတိုင်လဲ၊ ကွဲပြားခြားနားဖို့ လိုတယ်၊ ပန်းတိုင်ဟာ မယိုင်နဲ့ဖို့ အရေးကြီးတယ်၊ ခွေယိုင်မနဲ့ဖို့ အရေးကြီးတယ်၊ ကြံ့ခိုင်တည့်မတ်ဖို့ အရေးကြီးတယ်။

ဆိုခဲ့စေ မြဲစေ ဆိုသလို လုပ်သင့်လုပ်ထိုက်တာကို



ယတိပြတ် ဆက်လုပ်သွားဖို့ အရေးကြီးပါတယ်။

ပိုင်းဖြတ်ချက်ကို ဆက်လက် အကောင်အထည်ဖော်ဖို့ အရေးကြီးပါတယ်။

တချို့က ပါးစပ်ပြောပဲရှိပါတယ်၊ လက်တွေ့မပါပါဘူး။

အပြောနဲ့အလုပ်ဟာ အင်မတန်ကွာခြားပါတယ်၊ လူတွေ အများစုဟာ ပါးစပ်ကအများကြီး ပြောကြပါတယ်၊

ဒါပေမယ့် ပြောသလိုလုပ်သူဟာ အင်မတန်နည်းပါတယ်။

ပြောသလို တစိုက်မတ်မတ် လုပ်သွားရဲ့သူလည်း အင်မတန်တော့ နည်းလှတယ်။

ဘဝမှာ ပြောချင်တာ ပြောပြီး၊ လုပ်ချင်တာ လုပ်သူ၊ လုပ်ချင်ရာလုပ်ပြီး ပြောချင်တာပြောသူထဲ ကိုယ်မပါမှဖြစ်မယ်။

ယင်းသို့ မပါဖို့ကို လှုံ့ဆော်တိုက်တွန်းထားတဲ့ ကဗျာလေးပဲ ဖြစ်ပါတယ်။

ကြီးပွားတိုးတက်ချင်သူဟာ အများမိုးခါးရေသောက်တဲ့ ထဲမှာ ကိုယ်ပါဝင် မသောက်မိဖို့ အရေးကြီးပါတယ်။

ပွင့်လင်းသောစကား ဆိုရရင် ဒီပုတ်ထဲကပဲ ဒီပဲတွေပဲ များကြတယ်။(လူထဲကလူတွေပဲဆိုပါတော့)အများထက်သာချင်သူ ထူးချင်သူမှာတော့ အများနဲ့ သူမတူအောင် ကြိုးစားမှဖြစ်မယ်။

ရိုးသားမှဖြစ်မယ်၊ လုပ်ရှားလှုံ့လ ထကြွမှုရှိမှ ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအတွက်၊မှန်ကန် တည့်မတ်တဲ့ ပန်းတိုင်အတွက်၊ဘဝခရီးမှာ မကြောက်တရားကို လက်ကိုင်ထားမှဖြစ်မယ်။

ဘာကို မကြောက်ရမှာလဲ၊ အများနဲ့ မတူလို့ ပြုံးစူမောင်းမဲမှု .....

အများအကြိုက် (တစ်နည်း) ဝန်းကျင် လက်တစ်ဆုပ်စာကြိုက် (ရေယိမ်းလိုက် ဘသားယိမ်းလိုက်) လိုက်မလုပ်တော့၊ အနိုးကပ်ဆန့်ကျင်ပြောဆို သွေဖည်မှုကို ကျော်လွန်ပြီး၊ လူသားထုအများစုကို ကိုယ်စားပြုရေးအတွက်၊ ခံယူချက် မကြောက်တရားခါးဝတ်ပုဆိုးကို မြဲမှဖြစ်မယ်။

မြဲကြမှ-ဖြစ်မယ်လေ။



## ၃။ အမှန်တရားအတွက် ရပ်တည်ချက်

"လောကမှာ ဘာကိုမှ ကြောက်စရာမလိုဘူး။ ကိုယ်လုပ်စရာရှိတာကိုသာ လုပ်.....၊ လူဆိုတာ လူ့လောကကြီးရဲ့ တာဝန်ကို ထမ်းဖို့ မွေးလာကြတဲ့ လူချည်းပဲ"

(ဂေါ်ကီ)

ရုရှားစာရေးဆရာဟာ အပြောနဲ့အဟော ညီသူပဲဖြစ်တယ်၊ ဂေါ်ကီဟာ စာနဲ့လူ ခွဲလို့မရဘူး၊ စာကျော်စောသလို လူလည်းကျော်စောသူပဲ ဖြစ်ပါတယ်။

အောက်ခြေ ဘဝမျိုးစုံမှာ ကျင်လည်ခဲ့ရတယ်၊ သူ့ လောက်နိမ့်သူ မရှိပါ၊ စာပေကို ခက်ခက်ခဲခဲ ကြိုးစားလေ့လာခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်၊ ဘဝနဲ့ကင်းကွာတဲ့ စာပေနဲ့ပတ်သက်ပြီး သူက ခံစားချက်နဲ့ သရုပ်မှန်စာပေဆိုပြီး ဒီလို ခွဲခြမ်းပြခဲ့တယ်။

"ခံစားမှု တစ်ခုတည်းနဲ့ ရေးတဲ့စာပေဟာ စိတ်ကူးယဉ် စာပေပဲ ဖြစ်လာမယ်။

သိမြင်သဘောပေါက်ချက်ပါမှ သရုပ်မှန်စာပေ ဖြစ်လာနိုင်တယ်" တဲ့။

ဒီလိုနဲ့ သရုပ်မှန်စာပေတွေ သူရေးခဲ့တယ်။

သူ ရပ်တည်တဲ့ အလုပ်သမား၊ လယ်သမားဘက်က စာပေကို ရေးသားခဲ့ရင်းက ဖောက်ပြန်ကောက်ကျစ်တဲ့ ဇာဘုရင် အစိုးရရဲ့ ပြုပြင်မှုကို ခံခဲ့ရတယ်၊ သူ့ဘဝ တစ်လျှောက်လုံးဟာ ခရီးကြမ်းပဲ။

ဒါပေမယ့် သူမဖြုံဘူး၊ မတုန်လှုပ်ဘူး။

သူ့ဘဝနဲ့ ပတ်သက်ပြီး သူက ဝံ့ဝံ့စားစား ခုလို ရေးခဲ့သေးတယ်။

"ကျွန်တော် လူဖြစ်လာရသည်မှာ ဆန့်ကျင်တိုက်ခိုက်ဖို့ ဖြစ်တယ်" တဲ့။

လောကမှာ ဒါမျိုးလုပ်ရဲတာ မဆန်းပါ။

အမှန်တရားကို မြတ်နိုးသူ၊ မှန်ကန်မှုဘက်က ရပ်တည်သူ မှန်သမျှမှာ ခုလိုစိတ် ရှိကြမြဲသာ ဖြစ်ပါတယ်။



ဘယ်ခါမှ မလွတ်ကင်းပါ။ ရှေ့သွားသူ နောက်လိုက်သူနဲ့သာ။

အဲဒီလိုလိုက်ရင်းနဲ့ နောက်က သူ့ကိုမီလာတဲ့အခါ ကိုယ်က ထင်ရှား အသက်မရှိတော့တဲ့ အခါမျိုးလည်း ရှိချင်ရှိမယ်။

ကိုယ်နဲ့ပြန်လည်ပေါင်းစည်းမိသွားပြီး၊ လက်တွဲပြီး ခရီး ဆက်လက် လျှောက်လှမ်းသွားရတာမျိုးလည်း ရှိကောင်းရှိမယ်။

ဒါမှမဟုတ် ကိုယ်က နောက်မှာကျန်ခဲ့ပြီး သူတို့က ရှေ့လွန် ပြေးသွားတာမျိုးလည်း ရှိကောင်းရှိတတ်ကြပါမယ်။

ဘဝမှာဘာမှ မဆန်းဘူးလို့ ပြောလို့ရသလို.....

ဘဝဟာ အားလုံး အဆန်းတကြယ်ချည်းပဲလို့ ပြောလို့လဲ ရပါတယ်။

စာပေအလုပ်ဆိုတာလည်း ဒီလိုပဲ၊ လောကကြီးကို အလင်္ကာ ဖွဲ့ပြီး ရေလိုက်ငါးလိုက် ညာဝါး စာရေးစားသူအဖို့ လူထုကို လိမ်ညာရင်းက ရေးမကုန် စားမကုန်နိုင်သလို၊ လောကကြီးမှာ ရေးစရာ ပလီစရာတွေ ပေါများစုံကြွယ်လွန်းလှပါတယ်။

ဒါပေမယ့်.....

လောကကို ပြုပြင်လိုသူ ကောင်းစေလိုသူ အဖို့မှာတော့ ဘဝရေဆန် လောကဓံက ခက်ထန်လှတယ်။

ဒါနဲ့ပတ်သက်ပြီး ဂေါ်ကီက.....

"စာရေးခြင်းဆိုတာ တိုက်ခိုက်ခြင်းပဲ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကဲ. . . . . ဘယ်လိုငြင်းကြမလဲ. . . . .၊

ရဲရဲရင့်ရင့် သူ အဲဒီလို ဖွင့်ဟခဲ့တယ်။

ဒါနဲ့တင် မပြီးသေးဘူး. . . . .

သူ့ဘဝ၊ သူ့ကိုယ်ကျင့်တရား၊ သူ့ရှင်သန်ရပ်တည်နေခဲ့ရမှုကို သူ့ဘဝတစ်ခုလုံးနဲ့ ပတ်သက်ပြီးလည်း သူက ခုလိုပဲ ဖွင့်အန်သွန်ချ ရေးသားခဲ့ပါတယ်။

"ကျုပ်မှာရှိတဲ့၊ကောင်းမွန်တဲ့ အရည်အချင်းမှန်သမျှအတွက် ကျေးဇူးတုန့်ပြန်ရမယ်ဆိုရင် စာအုပ်တွေကိုပဲ တုံ့ပြန်ကျေးဇူး ဆပ်ရမှာပဲ" တဲ့။

အားလုံးသူတွေ ဘယ်လို စာပေတွေကို ရေးသားပြီး ဘယ်လို ကျင့်ကြံ လုပ်ကိုင် နေထိုင်သွားရမလဲဆိုတာ စာရေးဆရာ ဂေါ်ကီက လူ့ပုဂ္ဂိုလ်အရ နမူနာပြ လှစ်ဟရေးသားခဲ့တာ အဓိက အကြောင်းမှာ အမှန်တရားအတွက် မကြောက်မရွံ့ နောက်မတွန့် ကြဖို့ပါ။

ကြည့်ပါ။

"စာပေဆိုသည်မှာ လူတို့အား ကြည်နူးစေရန်သာမက တက်ကြွစေရန်လည်း ဖြစ်တယ်" ပါတဲ့ ခင်ဗျား. . . . .



## ၄။ တမူထူးမောင် ပစ်တိုင်းထောင်

* ပစ်တိုင်းထောင်တဲ့
လှတဲ့နာမည် အရုပ်ရယ်လေ. . . . . . . . .။
* ဘယ်လိုကြည့်ကြည့်
မားမတ်ဘိလေ ပျော့မခွေ။
* ဘယ်လိုပစ်ပစ် ဘယ်လိုပေါက်ပေါက်
ရှုံ့ကြောက်ယောင်ချာ မဖြစ်ပါဘူး
တမူထူးမောင် ပစ်တိုင်းထောင်
ဂုဏ်ရောင်တင့်လျှက်
ဝင့်ထည်လျှက်လေ ဝင့်ထည်လျှက်။

မှန်ကန်တဲ့ လူသားသတ္တိဂုဏ်ကို ဖော်ကျူးထားတဲ့ကဗျာလေး တစ်ပုဒ်ပဲ ဖြစ်ပါတယ်။

ကမ္ဘာမှာ ကဗျာရေးသူများကို လူသားတွေက လေးစားကြ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ဆို သူတို့ အလုပ်ဟာ ကိုယ်ကျိုးနည်းပြီး အများအကျိုး သယ်ပိုးရမှု များလို့ပါပဲ။

ဆိုလိုတာက သူတို့ဟာ ကဗျာတစ်ပုဒ် စာတစ်ပုဒ်ဖြစ်ဖို့ကို သေရေးရှင်ရေးတမျှ ကြိုးစားကြရရုံမက တချို့ဆို အသက်နဲ့ လဲပြီး ပေးဆပ် ရပ်တည်ကြရတာမျိုးတွေ ရှိတယ်။

ကဗျာအရေးဟာ ခက်ခဲလည်း ခက်ခဲတယ်၊ နက်နဲလည်း နက်နဲတယ်၊ ဆန်းလည်းဆန်းကြယ်၊တွေလည်းတွေပြားတယ်၊အရှူး အမူး လုပ်ကြရတယ်။

သားပစ် မယားပစ်၊ ဆွေပစ် မျိုးပစ် လုပ်ကြရတယ်။

ထူးရင်ထူး၊ မထူးရင်လည်း ရှူးတဲ့ အလုပ်မျိုးတွေပဲ ဖြစ်ပါတယ်။

ဒါပေမယ့် သူတို့ဟာ ဘာခံစားရလဲ၊ ကိုယ်ကျိုးကိုယ်တာ ခံစားရမှု အင်မတန် နည်းပါးကြပါတယ်။

ဆိုလိုတာက ဘဝလူတန်းစေ့ ဖူလုံ လောက်ငမှုပိုင်းကို ဆိုလိုတာဖြစ်ပါတယ်။

ကံကောင်းထောက်မလို့ အများစုပရိသတ်ကခံစားနားလည်မှု တုံ့ပြန်ခံရရင် တော်ပါပြီ။

ဒီလိုနားလည်တုံ့ပြန်မှု မခံရသူတွေက အများကြီးပဲ။

အများစုက အမြင်မတူမှုတွေ၊ အယူအဆ အနက်ဖွင့်ရာမှာ အမိပ္ပာယ် လွဲချော်မှုတွေ၊ တချို့ အမှောင့် ပယောဂတွေကြောင့် ငြိုငြင်ပြစ်တင်မှုတချို့တွေ ရှိတတ်ကြတယ်။



ဒါပေမယ့် သူတို့တွေဟာ လူတို့လိပ်ပြာ၊ သူတို့စေတနာကို ရင်မှာပိုက်ပြီး နှစ်ခြိုက်ပျော်ပိုက်ရင်းက ဘဝကို အနစ်နာခံ ခရီးသွားနေသူတွေပဲ ဖြစ်ပါတယ်။

တချို့က သူ့ရဲ့ကောင်းပမာ မှတ်ထင်၊ တင်စား ထင်ထား သူတွေလည်း ရှိကြပါတယ်။

ဘာပဲဖြစ်ဖြစ် သူတို့ဟာ သူ့လမ်းသူ့တာ ခရီးသွားရဲ့သူတွေပဲ ဖြစ်ကြပါတယ်။

ဘာကြောင့်ဆို ကိုယ့်လိပ်ပြာ ကိုယ်သန့်သူတွေ ဖြစ်လို့ပါပဲ။

ကိုယ့်ခရီး ကိုယ်ယုံကြည်သူတွေ ဖြစ်လို့ပါပဲ။

ကိုယ့်စေတနာ ကိုယ်နားလည်သူတွေ ဖြစ်ကြလို့ပါပဲ။

"မြောက်လို့ မမြောက်၊ ခြောက်လို့မကြောက်သူတွေ။ သူတို့ ဆန္ဒ စေတနာ ဝေဒနာအတွက် ဟောကြားရင်းက လောကမှာ ကိုယ်က အနာခံရင်းက ဘဝ မှာ နေသာနေကြသူတွေသာ" ဖြစ်နေကြပါတယ်။

ဒါကို နားမလည်သူတွေက ရှူးတယ်ထင်ရင် ထင်ကြမယ်၊ ထူးတယ်ထင်ရင် ထင်ကြမယ်။ သူတို့လိုသူက ရှားတယ်လေ။

တကယ်တော့ မဆန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



မွန်မြတ်တော်မှန်တဲ့ ဘဝရဲ့လောကနဲ့ အသိတရား ကြားမှာ လူသား(ကဗျာသတ္တဝါ) ဖြစ်လာရသူ အနှိုသူတွေက ဘဝပေး တာဝန် လောကခံကို ရဲရဲဝန်ဆောင်နေကြသူတွေသာ ဖြစ်ပါတယ်။

ဒါပေမယ့် သူတို့ပေါ်မှာ သနားစရာလူလို့လည်း သတ်မှတ်ဖို့ မလိုပါ။

သူ့ရဲကောင်းသဖွယ် ကိုးကွယ်ဖို့လည်းမလိုပါ။

သူ့အပေါ်မှာ နားလည်တတ်သိ ကျွမ်းဝင် ချဉ်းကပ် ပေါင်းသင်း စာနာတတ်ကြဖို့ပါလေ။

ကဗျာဆရာ့ ရင်ထဲမှာတော့.....

"ကဗျာရေးတာက ကျော်ကြားမှုအရ ခံစားခွင့်အရ၊ အချိန်အဝါအရ ဘယ်ဘက်ကကြည့်ကြည့် မျက်နှာငယ်တယ်လို့ ထင်စရာပါပဲ။

တကယ်တော့ ကဗျာဆရာရဲ့ နံနက်ခင်းတိုင်းဟာ ကျွန်တော်တို့ အိမ်ရှေ့ခြံစည်းရိုးမှာ တေးလာဆိုတဲ့ငှက်ကလေးနဲ့ တူလှတယ်။

ဒီငှက်ကလေးဟာ လောကကြီးဆီက ဘာမှ မလိုချင်ဘဲ လောကကို ချစ်တဲ့စိတ်ကလေးနဲ့ပဲ တေးဆိုနေတာ မဟုတ်လား။

လောကကြီးဟာ သူ့ကိုချီးမွမ်းသည်ဖြစ်စေ၊ မချီးမွမ်းသည် ဖြစ်စေ အမှုမထားဘဲ လောကကိုခင်တဲ့စိတ်ကလေးနဲ့ပဲ နေပူမိုးရွာ



ထဲမှာ တေးဆိုနေတာမဟုတ်လား။

ဒါကြောင့် ငှက်ကလေးရဲ့သီလနဲ့ ကဗျာဆရာရဲ့သီလဟာ အတူတူပါပဲ။

သီလရှိသူဟာ အားငယ်စရာ ဘာမျက်နှာငယ်စရာရှိပါသလဲ။

ကိုယ့်ကိုယ်ကိုယ် မေးပြီးတော့ ချစ်တဲ့ကဗျာတွေကို ဆက်ရေး နေဦးမှာပါပဲ" တဲ့။

ဒီလိုစိတ်ဓာတ်၊ ဒီလိုစိတ်မြတ်မျိုး ဘယ်မှာရှိနိုင်မလဲ။ဘယ်သူ့ ထံမှာ တွေ့နိုင်မလဲ။

ရှိတော့ရှိတယ်၊ ရှားတယ်ဆိုတဲ့ထဲမှာ ဒါကြောင့်ပါပါတယ်။

ဒါကြောင့် တို့များလူသားတွေဟာ အများအတွက်၊ အားလုံး အတွက် ဘာလို့ မကျင့်ကြံနိုင်ကြရမှာလဲ။

ကဗျာဆရာ့ စိတ်ကိုကြည့်ပါ.....

သူတို့စေတနာ ရင်ဖွင့်လွှာ တစ်ခုမှာ .....

ကဗျာဆရာတစ်ဦးမေး။ ။ "ဆရာရယ်.....ကဗျာ ရေးရ
တာကို ကျွန်တော်ဖြင့်
တဖြည်းဖြည်း အားငယ် လာ
ပါတယ်၊ ကျွန်တော်တို့
ကဗျာ ရေး ရ တာ သာ လည်း
သဲကန္တာရထဲ မိုးတစ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရွာချလိုက်သလိုပါပဲ'

ကဗျာဆရာတစ်ဦးဖြေ။ ။ "အဲဒီမိုးတစ်ပေါက်နဲ့ပဲ
ပိတောက်ပွင့်ရတာပါ။
အားမငယ်ပါနဲ့." တဲ့။

ကဲ..... အားပေးနှစ်သိမ့်သူနဲ့ ညည်းညူသူ လူနှစ်ယောက် ကြားမှာ ဘယ်လောက် နှစ်သိမ့်ပီတိဖြစ်စရာကောင်းလှပါသလဲ။

ပြီးတော့ စစ်မှန်တဲ့ ကဗျာဆရာတစ်ဦးရဲ့ ရင်ဖွင့်လွှာ ကဗျာတစ်ပုဒ်ရှိတယ်။

"ရွှေခရီးမှာ"

- ရွှေခရီးတာ
လျှောက်လှမ်းရာမှာ
ကဗျာမဆန် ဟန်ပန်မကျ
ရှိကရှိစေ တွေဝေစိုးကြောက်
လျှောက်လှမ်းမပျက် ဆက်သွားစိတ်ဇွဲ
မြဲခိုင်နော်။ ။
- ခက်အခဲမှု
ဇွဲရှိသူတွက်
အားစမ်းချက်လေ စိတ်နေမြဲရေး
တွန်းတွားပေးချက်



ဖော်ညွှန်းချက်နော်။ ။

သူလိုချင်တဲ့ ဂုဏ်ရည်ပုဒ် (သို့မဟုတ်) သူတို့လိုချင်တဲ့ ဂုဏ်ရည်ဂုဏ်သွေးအတွက် အသင့်ပြင်ထားပုံကို ကြည်နူးစဖွယ် ထုတ်ဖော် တင်ပြထားခဲ့တယ်လေ---

ရင်ထဲ ကြည်နူးပီတိ ဖြစ်ရပါတယ်။

အားကျ လေးစားမိရပါတယ်။

အများအတွက် ဆောင်ရွက်ရင်း ရရှိလိုက်တဲ့ ပီတိ ဂုဏ်ရောင်က---

ကိုယ့်ဘက်ကိုယ်ယက်ယင်းက ရလာတဲ့ ကိုယ်ကျိုးကိုယ့်စီးပွား၊ စိန်ရောင်ရွှေရောင်ထက်တော့ သာထက်မကသာ၊ ပြောင်ထက်မက ပြောင်မှုအရာမှာ ကိုးဆယ်ဆ မက၊ ရာ,ထောင် မက သာပါလိမ့်မယ်။

အင်း-- ဂုဏ်ချင်းတော့ဖြင့် မတူကြပါလေ။

ဆီနဲ့ ရေပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## ၅။ ဘယ်လိုသူလဲမေးချင်တယ်

ခင်ဗျားဘယ်လိုလူလဲမေးချင်တယ်။ ခင်ဗျားဟာ ကိုယ့်ဖို့ ကိုယ်သာသိပြီးတော့ သူများအဖို့ကို လုံးဝမသိလောက်အောင် မျက်နှာပြောင်တဲ့လူနဲ့ အရှက်နည်းတဲ့လူလား. . . .

ခင်ဗျားဟာရှေ့မှာပြုံးရယ်ပြပြီးတော့ နောက်ကွယ်ကျတော့ သူရဲဘောကြောင် နောက်ကောက်ချတတ်တဲ့သူတစ်ယောက်လား။ ခင်ဗျားဟာ ရမယ်ဆို ဘ,နဖူး သိုက်တူးတတ်တဲ့သူ ငို့ဘဆိုသူ လူစားထဲကလူတစ်ယောက် မဟုတ်လား. . . ခင်ဗျားဟာ သာမယ် ဆိုရင် ဖျာမှာဝင်ထိုင်တတ်ပြီး နာမယ် ထင်ရင် ဖျာပေါ်က ထပြေးတတ်သူလူတစ်ယောက်ပဲလား. . ခင်ဗျားဟာ ဘာမဆို ဈေးတွက်တွက်ပြီး သာမှနေ သေမှခင် ဆိုတဲ့ အောက်တန်းစား လူစားထဲက လူတစ်ယောက်ပဲလား. . . ခင်ဗျားဟာ အရင်းမစိုက် လှေထိုးလိုက်ဆိုသလိုမျိုး ဘာကိုမှ အရင်းမစိုက်ဘဲ လျှာဖျား ကလေးသာ စိုက်၊ သာတဲ့အခါ မျက်နှာချိုသွေး၊အရေး လုပ်ဟန်



သဏ္ဌာန်ပုံလုပ် သရုပ်ဆောင်ကာ၊ ပြည့်တန်ဆာပမာ ယောက်ျားမပီသတဲ့ လူ့ဗာလတစ်ယောက်ပဲလား. . . .

ခင်ဗျားဟာ သာတဲ့အခါ မျက်နှာချိုသွေး ပါးစပ်ကြီးကို ယင်ဝင်အောင်ထိ တအားဖြဲထားတတ်ပြီး၊ မသာတဲ့အခါ ရှစ်ခေါက်ချိုးမျက်နှာနဲ့၊အကန်းပမာ မျက်နှာလွှဲ ခဲပစ်ပမာ ပြုမူပြ၊ အောက်တန်းကျ အရှက် နည်းလှသူပဲလား။

ခင်ဗျားဟာ ရတုန်းကအကုန်ယူကာ၊ မရတဲ့အခါ ဘာကျေးဇူး တရားကိုမှ မထောက်၊ အောက်ကျနောက်ကျ မျိုးနွယ်ထဲက အောက်တန်းစား တစ်ယောက်ပေပဲလား. . . .

ခင်ဗျားဟာ မျက်နှာကို အမျိုးမျိုးထားကာ၊လိုတော့သကာ မလိုတော့တမာ မျက်နှာထား အမျိုးအစားနဲ့ ၊ ယောက်ျားဆိုတဲ့ သိက္ခာမှ ထိန်းရကောင်းမှန်း သိစွမ်းသူမှ ဟုတ်ပါသလား. . . .

ခင်ဗျားဟာ ယောက်ျားရင့်မာပမာ၊အပြင်အလျာမှာတော့ တကယ့် မဟာယောက်ျား အလားသဏ္ဌာန်ပါ၊ ဒါပေမယ့် အတွင်းပိုင်းအရာကိုယ်ဘက်မှာရော၊ စိတ်ဘက်မှာရော ဖွင့်ပြော ရရင် ယောက်ျားလို့ မထင်ရစရာ၊ မိန်းမယုတ်ဆန်လှစွာတယ်၊ တကယ်ပါ။ ဒါကြောင့် ခင်ဗျားဟာ ယောက်ျားစင်စစ် ကေန်ဖြစ်ဖို့ ဆိုတာ ဖြစ်ပါ့မလား။

ခင်ဗျားဟာ သာပေါင်းညာစား သာသူ့ဘက်ပါ၊ ကျွူးသူ့ဘက်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဘယ်အခါမှ ကိုယ်ကျိုးမစွန့် ကိုယ့်ဘက်ကိုယ်ယက် ရှက်ရွံ့မှု လက္ခဏာ တစက်ကလေးမှ မရှိရှာ။

ဒါပေမယ့် မဟာယောက်ျားသဏ္ဍာန် ဟန်ဆောင်ထားတဲ့ အခြောက်တစ်ယောက် ဟုတ်ပါသလား....

ခင်ဗျားဟာ ကိုယ်ကျိုးရှိတဲ့အခါ၊သူရဲကောင်းပမာ ရဲရင့်စွာ၊ သွားလာဝင်ထွက် နေ့ရက်ဆက်ပါ....

ဒါပေမယ့် တဘက်သားမှာ အကြောင်းပေါ်လာလျှင်၊ ဘာညာ အကြောင်းပြပြီး လမ်းစဖျောက်တာ၊ ကြောင်ပမာ သာမှနေသူ လူတန်းစား၊ခင်ဗျားဗျာဟုတ်ပါသလား....

ခင်ဗျားဟာ လူဖြစ်လာတဲ့ ဇာတိဒေသ၊မိတ်ဆွေ သူငယ်ချင်း ဘာသာချင်းတူ ဘဝတူကြ ရုန်းခဲ့ကြတာ စဉ်အလာလည်း ဘာမှမထောက်၊အောက်တန်းကျစွာ ကိုယ်ကျိုးရှာ မျက်နှာပြောင် တိုက် ကျင့်စရိုက် ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက်ဆရာ ခင်းဗျားဟာ ဟုတ်ပါသလား....

ခင်ဗျားဟာ ကိုယ်ပိုင်ဘဝ ကိုယ်ပိုင်မာန လုံးဝမထား၊ပွဲပြား ပင်ပမာ ယိမ်းနွဲ့ကာ၊ သာပေါင်း ညာစား လူညာဝါး၊ ခင်ဗျား ဟုတ်ပါသလား....

ခင်ဗျားဟာ မျက်နှာကြီးရာ ဟင်းဖတ်ပါ၊ ကျေးရွာဒေသ တစ်အူထုံ့ဆင်း အချင်းချင်းကျ ပိုကျော်ခွတာ အကျင့်ပါ၊မဟာ



ဇာတ်ပျက်သမားဟာ၊ခင်ဗျားဟုတ်ပါသလား။

ခင်ဗျားဟာက၊ ကယ်မချင်ယောင် ဆောင်တယ်၊ တကယ် တမ်းကျတော့ ဘာမှမလုပ် ၊ မလုပ်ရင် မလုပ် ဇာတ်မရှုပ်ဘူး၊ လုပ်ချင်ယောင်ဆောင်၊ ကယ်မယောင်ဟန်၊ လမ်းပျောက်ရန်၊ ရောင်တော်ပြန်ရောလွှတ်ပြုလာ၊ နာသာခံခက်စွာဟာ၊ ဟုတ်ပါ သလား။

ခင်ဗျားဟာ ပြောတာဟာ အကောင်းဆုံး၊ လုပ်တာဟာ အဆိုးဆုံး၊ နှလုံးသားယုတ်မာသူ လူလုံးဝမဟုတ်၊ ညစ်အစုတ်ဟာ ဟုတ်ပါသလား။

တခါ၊ ဘုရားတရား လေးစားလေဟန်၊ လိုက်စားလေဟန်၊ မူရာလုပ်၊လိမ်ညာယုတ်၊လုပ်ကိုင်ညာဝါး ခင်ဗျားမဟုတ်လား....

ပုတီးတစ်ဘက် လက်မှာထား၊ လောင်းကစား လောဘသမား၊ အတ္တများ၊ ခင်ဗျားမိစ္ဆာ၊ လူညာလုပ်စား မဟုတ်လား....

ခင်ဗျားဟာ အသပြာတစ်ပြားအတွက်၊ ကိုယ်ကျိုးအတွက် ဆိုရင်၊ အဆွေအမျိုး ဒေသ ဝန်းကျင်၊ သားချင်း ဘိုးဘွား စံထားအမွေ၊ရိုးရာတွေမထောက်၊ဖောက်ပြန်ဖို့ရန် ဝန်မလေးဟာ ဟုတ်ပါသလား....

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဟာ ပြည့်တန်ဆာပမာ၊ ကိုယ့်တွက်တာ လာသမျှလူ မငြူစူ၊ ဘယ်သူလာလာ မျက်နှာချိုသွေး ဟန်မူပေးကာ ကိုယ်ကျိုးရှာ ဟုတ်ပါသလား. . . .

ခင်ဗျားဟာ အမျိုးဘာသာ သာသနာ ဘာကိုမထောက်၊ ဖောက်ပြန်လုပ်စား အိယောင်ဝါးညာ၊ ခင်ဗျားဗျာ ဟုတ်ပါသလား။

ခင်ဗျားဟာ အသက်လဲရှိတယ်၊ ဘဝလဲရှိတယ်၊ ဒါပေမယ့် ခင်ဗျားမှာ ဘာမှမရှိတာ တကယ်ပါဟုတ်ပါသလား၊ ခင်ဗျားဟာ လူစကားပြောတယ်၊ လူလိုနေတယ်၊ ဒါပေမယ့် လူတွေရှိအပ်တာ စိတ်ဓာတ် သိက္ခာ ဘာတစ်ခုမှမရှိတာ ဟုတ်ပါသလား၊ ခင်ဗျားဟာ သစ္စာရှိရကောင်းမှန်းမသိတာ ဟုတ်ပါသလား. . .။

ခင်ဗျားဟာ မေတ္တာထားရမှန်း မသိတာ ဟုတ်ပါသလား. . .။ ကဲ. . . . . လူ့လောကမှာ လူဖြစ်လာ ခင်ဗျား ဘာလဲ ဘယ်လိုလဲ. . . . . လက်တွဲချစ်ကြည် ခရီးရှည် ယုံကြည်အတူ ဘယ်မှုပုံစံ ဘယ်သဏ္ဌာန်နဲ့ ရန်းကန်ယုံစား ရှေ့ဆက်သွား ယုံစားလက်တွဲ နိုင်မလဲ၊ ကဲ. . . . . သူငယ်ချင်း မင်းကိုဖွင့်ဆို မေးတယ် ဆိုရင်. . . မေးတယ်ဆိုရင်. . . . . ပေါ့။

• • •



## ၆။ တန်ဖိုး

လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားရတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ ခေတ်သမိုင်းတာဝန်ကို သူ ဘယ်လောက်ထိ သယ်ပိုး ထမ်းဆောင်နိုင်တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ။

(ပန်းမော်-တင်အောင်)

လူတစ်ယောက်ရဲ့ တန်ဖိုးအပေါ်မှာ အဲဒီလို တွက်ပြထားတယ်။

ဘယ်သူငြင်းမလဲ. . . . .

ဘယ်လို စောဒက တက်ကြမလဲ။

အမှန်ကတော့ သူက (စာပေသမား) အများစုအတွက် (စံနမူနာအဖြစ်) ဂိုက်တံ (တန်ဖိုး) တစ်ခုကို ပေးထားခဲ့တာပဲ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုး.....

လူ့တန်ဖိုး.....

ဘယ်လို တန်ဖိုးပါလဲ.....

ဘယ်ဟာကို လူ့တန်ဖိုး အစစ်အမှန်လို့ သတ်မှတ်စိစစ်ကြရမှာလဲ။

လူတွေက ဘယ်လိုဟာကို လူ့အဓိက တန်ဖိုးအရာ သတ်မှတ် ကြပါသလဲ။

အမေးရဲ့နောက်မှာ အဖြေတွေလဲ အများကြီးပါပဲ။အဖြေရဲ့နောက်မှာလည်း မေးခွန်းတွေက အများကြီး ထပ်ဆင့် ပေါ်လာဦးမှာပါပဲ။

ပြဿနာရှိရင် အဖြေရှိသလို၊ အဖြေရှိရင်လည်း ပြဿနာဟာ ရှိကြရမှာပဲ။ အမေးနဲ့အဖြေ၊ အဖြေနဲ့အမေးပေပဲပေါ့။

ဒါပေမယ့် သည်စာစုမှာ စာရေးသူ ဆိုလိုချင်တဲ့အဖြေဟာ ယေဘုယျသဘောမျိုး ဝေဝါးတဲ့အဖြေမျိုးတော့ မဟုတ်ပါဘူး။

သည်စာစုမှာ စံပြုထားတဲ့ အများနဲ့သက်ဆိုင်တဲ့၊ အများစုအကျိုး၊ အများစုအတွက် နှိုင်းယှဉ်ချက်၊ လုပ်ရပ်ဆောင်တာ၊ အသိဉာဏ် သဘောတရား၊ အနစ်နာခံချက်၊ ပေးစွမ်းချက်၊ အလင်းရောင်၊ အလင်းလက်နက်၊ လုပ်ဆောင်ချက် စတဲ့ လက်နက်တွေနဲ့ တိုင်းတာနှိုင်းပြလို့တဲ့ စံထားချက် ခံစားချက်တွေပဲ



ဖြစ်ရပါလိမ့်မယ်။

ကြည့်ပါ.....

လူတစ်ယောက်ဟာ အကြောင်းအပေါင်း တိုက်ဆိုင်ပါက ငွေကြေးဆိုတာ ရလာနိုင်ပါတယ်။

ချက်ချင်းခဏမှာ ချမ်းသာလာနိုင်ပါတယ်။

ဒါ ဘာမှ မဆန်းပါ။

ဆင်းရဲနေရာက ချက်ချင်း ချမ်းသာလာနိုင်ပါတယ်။

ဒီလိုပဲ ချမ်းသာနေရာက ချက်ချင်းပဲ ဆင်းရဲသွားနိုင်ပါတယ်။

အားလုံးကြုံဖူးကြမှာပါ၊ တွေ့ဖူးကြမှာပါ။

မဆန်းပါ၊ လောကမှာ လုံးဝ မဆန်းပါ။

သို့သော် ပညာတစ်ခုကို ချက်ချင်း ထီပေါက်သလို ပေါက်ရောက် တတ်မြောက်ဖို့ဆိုတာ မလွယ်ပါ။

မရှိပါ။

ဒါမျိုးလည်း ထုံးစံမရှိပါ။

ဒါကြောင့် ပညာရှွေအိုး လူမခိုးလို့ ဆိုကြတယ် မဟုတ်လား။

ပညာ.....ဒါဟာ အခြေခံ အကြောင်းတရားလောက်ကို ပြောတာပါ။

ဒါထက် အရေးကြီးတာက လူမှာ ခိုင်မာတဲ့ ရပ်တည်ချက်၊ ခံယူချက်၊ အများအကျိုး သယ်ပိုးလိုတဲ့စိတ်၊ အလင်းဆောင်စိတ်ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ တစ်ကိုယ်တော်စိတ်နဲ့ မရပါ။ တစ်ကိုယ်တော်စိတ် ဆိုတာ မိမိတစ်ဘို့တည်းကိုပဲ ကြည့်တဲ့စိတ်မျိုး။

တစ်ကိုယ်ကောင်းအတွက်သာကြံစည်ပြီး လုပ်ဆောင်မှုတွေပဲ ဖြစ်ပါတယ်။ ပညာမှာလည်း တစ်ကိုယ်တော် ထူးချွန်ဖို့၊ ဥစ္စာမှာလည်း တစ်ကိုယ်တော် ကြီးပွားဖို့၊ ဒီစိတ်ဓာတ်မျိုးဟာ သေးသိမ် ကျဉ်းမြောင်းလှပါတယ်။

ဒီလိုလူမျိုးဟာ အများနဲ့ ဆက်စပ် လုပ်ကိုင်လို့ မရနိုင်ပါ။

လူဆိုတာ တစ်ကိုယ်ရည် ထူးချွန်တဲ့အပြင် အများနဲ့၊ အစုအဝေးနဲ့၊ အသင်းအပင်းနဲ့ လုပ်ကိုင်ရပ်တည် နေထိုင် စိတ်ရှည် ဖွဲ့ရှိနိုင်ဖို့လည်း လိုအပ်ပါတယ်ခင်ဗျား။

ဒါကို ဆရာ ဇန်းမော်တင်အောင်က ခုလို ထောက်ပြခဲ့ပါတယ်။

"ယောက်ျားကောင်းဆိုတာ အသင်းအပင်း၊ အစည်းအရုံးနဲ့ အခုအခံ၊ အတိုက်အခိုက်ကောင်း ရသလို လုံးချင်းလည်း အခုအခံ အတိုက်အခိုက် ကောင်းဖို့လိုတယ်" တဲ့။

အတ္တနဲ့ပရ လောကနဲ့ လူသားအကျိုး။

ဩော်.....တန်ဖိုး.....တန်ဖိုး။ လူ့တန်ဖိုး သယ်ပိုးမြှင့်မှ မိမိဂုဏ်ရ၊ လူ့ဂုဏ်လှအံ့၊ ဂုဏ်ရအံ့လေ။



## ၇။ အစဉ်တက်ကြွနေ

လှုပ်ရှားမှုနဲ့ ရွေ့လျားမှုကို ဘယ်တော့မှ မရောထွေး ပါစေနဲ့။

(အားနက်စ်ဟဲမင်းဝေး)

ငှက်ဟာ ပျံရင်းသေရမယ် ဆိုကြတယ်။ ထို့အတူပါပဲ၊ လူဟာလည်း ကြံရင်းနဲ့သေရမယ် လို့ ဆိုကြတယ်။

လူဟာ ကြံနေရုံသက်သက်နဲ့လည်း မပြီးသေးပါ။ လူဟာ လှုပ်ရှားရုန်းကန်နေမှုလည်း လိုအပ်ပါတယ်။

လှုပ်ရှားမှုသက်သက်ကို အရင်းပြုပြီး အကြံဉာဏ်နဲ့ ခရီးပန်းတိုင် မထည့်ရင်လည်း လူ့ဘဝမှာ အရာရောက်လှမယ် မဟုတ်ပါ။

ဘယ်သို့ပဲဆိုဆို၊ အစဉ် ကြံစည်(စိတ်ကူး) နေရသလို၊ လူဟာ အစဉ်လှုပ်ရှား တက်ကြွနေရမှာကို ဆိုလိုတာပဲ ဖြစ်ပါတယ်။

လူတွေမှာလည်း ငူငူငိုင်ငိုင် နေသူတွေဟာ ကိုယ်ကာယ လေးလံမယ်။ ထိုင်းမှိုင်း ထုံရီလာမယ်။ အသားအရေကာစ ဖောသွပ် အေးစက်လာမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ (အဲသည်လူဟာ) လူမှု လူ့အဖွဲ့အစည်းကို ကြောက်ရွံ့ စိုးထိတ်လာမယ်။

လူမှုလက်တွေ့ဘဝကို ရွံ့တွန့်တွန့် ဖြစ်လာမယ်။

အဲဒီအခါမှာ သူဟာ လူမှုလောကနဲ့ တစတစ ကင်းပြတ် ဝေးကွာလာလိမ့်မယ်။

လူမှုလောကနဲ့ ကင်းကွာခြင်းဟာ လူသားတစ်ယောက်အဖို့ မလိုအပ်ဆုံး အလုပ်ပဲ။

အဆုံးရှုံးတကာ့ ဆုံးရှုံးမှုတစ်ရပ်ပဲ။

ကြည့်ပါ. . သဘာဝတရားမှာလည်း အဆိုးနဲ့အကောင်းဟာ ဒွန်တွဲလို့ နေကြတာပဲ။

သဘာဝ ပတ်ဝန်းကျင်က ဘယ်လောက်ပဲ ဆိုးရွားအောင် ဖန်တီးနေပါစေ၊ ဒါကို လေ့လာ ထိတွေ့ ကြည့်ရှု သုံးသပ်ပြီး လက်တွေ့ဘဝနဲ့ ဖြတ်သန်းကျော်လွှား အနိုင်ယူကြရတာပဲ မဟုတ်လား။

သည်လိုပဲ ကောင်းမြတ်ရည်မွန်တဲ့ လောကပတ်ဝန်းကျင်နဲ့ တွေ့ဆုံ ရင်ဆိုင်ရတဲ့ အခါမှာလည်း လူသားတစ်ယောက်ဖို့ရာမှာ အလှအပ ပသာဒလေးတွေကို ခံစားရင်းက၊ ဘဝမှာ အားအင်၊ နုမျစ်၊ လန်းသစ်ကြည်လင်၊ ဘဝင်ချမ်းမြေ့ ကြရတာပဲ မဟုတ်ပါလား။



လူမှုပတ်ဝန်းကျင်မှာ မိမိတို့ဟာ လှုပ်ရှားမှု မရှိသူတွေနဲ့ တွေ့ရတဲ့အခါ ဘယ်လောက် စိတ်ပျက်စရာ ကောင်းပါသလဲ။ လူမှုပတ်ဝန်းကျင်မှာ နိုးကြားထက်သန် တွေးတော စဉ်းစားမှု မရှိတဲ့ လူနဲ့ တွေ့ရတဲ့အခါ ဘယ်လောက် အားမလိုအားမရ ဖြစ်ကြရပါသလဲ. . .။

ဒီလိုပဲ၊ ပွဲမတိုးတဲ့လူတွေ၊ ဘဝခရီးမှာ ဘာလုပ်လို့ လုပ်ရကောင်းမှန်း မသိ ဖြစ်နေတဲ့၊ အရှယ်လွန် ရွှေ့လျားဖြစ်နေတဲ့ လူတွေနဲ့ တွေ့ရတဲ့အခါ၊ တန်ဖိုးရှိစွာ ခက်ခဲစွာ လူလာဖြစ်ရတဲ့ လူ့ဘဝတာအတွက်၊ ဘယ်လောက် ယူကျုံးမရ နှမြောတ,သစရာ ကောင်းလှပါသလဲ။

ဒါတွေ-ဒါမျိုးတွေအတွက်၊ မလိုမလား ခံစားရချက်တွေကို ဘဝခရီးမှာ ရုန်းကန်နေကြသူတွေ၊ လှုပ်ရှားနေကြသူတွေ၊ အနာဂတ်ခရီးသွား လူသားတွေအဖို့ရာမှာ၊ ဘယ်လောက်နှမြောတ,သ ယူကျုံးမရ ဖြစ်ကြရပါသလဲ၊ ဖြစ်ခဲ့ကြရပါသလဲ. . . . ဆိုတာ၊ နီးရာဝန်းကျင် ကြုံရာနေရာက အတွေ့အကြုံတွေကို တွေးတော ဖော်ထုတ်ရင်၊ မြင်ကွင်းတွေ၊ အဖြေတွေ၊ သင်ခန်းစာတွေ၊ တစ်သီကြီး ပေါ်လာပါလိမ့်မယ်။

အဲဒီအခါမှာ သက်ပြင်းချ စိတ်မောရင်းက၊ ရင်မှာ ဒေါမနဿ ဖြစ်ကြရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒါကို ရင်ထဲမှာ ဝေဒနာအဖြစ် ပြန်လည် မမွေးဖွား။ မမွေးထားလိုက်ပါနဲ့။

ဒါကို ဥပမာအဖြစ်နဲ့ တင်ပြခြင်းသာ ဖြစ်ပါတယ်။

တကယ်ကတော့ သင့်အနာဂတ် ခရီးလမ်းကို မှန်ကန်ကိုအတိုင်း ဖြတ်သန်း ချီတက်ဖို့ပါ။ ရုန်းကန်ဖို့ပါပဲ။

ဘဝဟာ ရုန်းကန်ခြင်းဆိုတာ အားပေးလိုရင်းသာ ဖြစ်ပါတယ်။ အစဉ်လှုပ်ရှားလို့သာနေ. . . . .



## ၈။ နိမ့်ပါးတဲ့အရသာရယ်

လူ့ဘဝမှာ နိမ့်ပါးမှုဆိုတာလဲ အရသာတစ်ခုပါပဲ၊ မြင့်မားတဲ့ အခါ သူ့ကို ချဉ်းကပ်သူရှိသလို၊ ဝိုင်းဝန်း တိုက်ခိုက်ကြတဲ့ သူတွေလဲ ရှိတတ်တယ်။

ရုပ်ရှင် ဝတ္ထုတွေထဲမှာ ဇာတ်ဆောင်ကပဲ ရုန်းကန်ရတယ်၊ ကြိုးစားရတယ်၊ တိုက်ခိုက်ရတယ်၊ ဒါကို လက်ခုပ်သြဘာပေးသူ ရှိသလိုပဲ မုန်းတီး ရွံချတဲ့သူတွေလဲ ရှိကြတယ်။

ဇာတ်ဆောင်ဖြစ်တွေ့ တကယ်က မလွယ်လှဘူး၊ သူ့ကို ဂရုစိုက်ကြတယ်၊ စောင့်ကြည့်နေကြတယ်၊ သူ့မှာလည်း လွတ်လပ်မှု ဆိုတာ မရှိဘူး။ အရာရာမှာ သတိလက်လွတ် နေလို့မရဘူး။ တာပဲ ဖြစ်ဖြစ် ထူးခြားထင်ပေါ် ကျော်စောခြင်းဒဏ် ခံခဲ့ရတာပဲ ဖြစ်တယ်။

ဒီတော့ ခံ. . . ခံ. . . လည်စင်[illegible]တော့ ခံ၊ ဒီလိုခံရဖို့ ဘယ်လောက် ကြိုးစားခဲ့ရပါသလဲ၊ နှစ်လတာရှည် မရေမတွက်နိုင်ပါ၊ လှုပ်ရှား ရုန်းကန် ဖန်တီးယူခဲ့ရတယ်။ မဟုတ်လားဗျာ. . . . . တကယ်ပါ. . . . .

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဆောင်သဘောပဲ၊ ဓမ္မတာသဘောပဲ၊ မြင့်ရင် နိမ့်ရမယ် ပေါ့ ဗျာ။ မမျှော်လင့်ပါပဲ သူဟာ နိမ့်ပါးသွားခဲ့ရတယ်။

ဒီလိုနဲ့ နှစ်တွေ လတွေ ကြာခဲ့တယ်၊ တံတားအောက်မှာ မြစ်ရေတွေ တရဟော စီးဆင်းလို့နေခဲ့တယ်။

ဟိုသောင်ဆိုက် ဒီသောင်ကပ်နဲ့ ဖတ်ဖတ်မောစွာ..... မသေ မပျောက် ဇာတ်ဆောင်တစ်ယောက်ရယ် သူ ပြန်ပေါ်လာခဲ့တယ်။

ခုတော့ ခမ်းနားထည်ဝါမှုဆိုတာ သူ့ကိုယ်မှာ မရှိပါဘူး၊ အဆောင်အယောင်ဆိုတာ သူ့ကိုယ်မှာ မရှိပါဘူး၊ ကြည့်ပါ..... ခုတော့ သူ့တစ်ကိုယ်လုံးမှာ ရေတွေ စိုရွှဲ မွဲညစ်လို့နေတယ်။

သူဟာ လာလမ်းကို ခက်ခက်ခဲခဲ လက်လှမ်းလို့ တက်လာခဲ့ရတယ်။

ခေတ်ကာလတွေ ရှည်ကြာခဲ့ပကော၊ ခုတော့ သူ့ကိုသိတဲ့လူ မရှိ၊ ကြည့်တဲ့သူမရှိ၊ ပြိုင်တဲ့သူမရှိ၊ ဆိုင်တဲ့သူမရှိ၊ ပကတိ လွတ်လပ် လို့နေတယ်။

သူ ဘယ်ကို သွားချင်သလဲ၊ ချက်ချင်းပဲ သွားချင်တာကို သွားလို့ရတယ်၊ အဝတ်အစား အကြွားအဝါ ပကာသန ဘာမှမလိုပါ ပေါ့ပါးစွာ၊ လွတ်လပ်စွာ သူ သွားလာ နေထိုင်လို့ ရနေပါလား၊ (အားဟားဟား) ဝမ်းသာလိုက်တာ၊ ဒါဟာ



သူနေချင်တဲ့ ဘဝလက္ခဏာ အစစ်ပါပဲ၊ သူသိချင်တဲ့ ဘဝအသိ အဘိဓမ္မာပေပဲလေ.....

ခုတော့ သူသွားရာလမ်းမှာ အသိတချို့ တွေ့တယ်၊ ဒါပေမယ့် ကွဲကွာခဲ့တာ ကာလကြာတော့ သူ့ကို မသိ မမှတ်မိကြတော့ဘူး..... ပြီးတော့ သူ့နဂိုပုံစံသရုပ် မဟုတ်တော့ မမှတ်မိကြ တော့ဘူး၊ မသိကြတော့ဘူး၊ ဒါကို သူ ဝမ်းမနည်းပါ... တကယ်တော့ ဒါဟာ သူလိုချင်တဲ့ ဘဝအရသာ ပေပဲလေ.....

× × ×

ဘဝဟာ လွတ်လပ်လိုက်တာ၊ နောက်ဖေးလမ်းကြား၊ ပလက်ဖောင်း တန်းတလျား၊ လူတွေကြား သူတွေကြား သွားချင်ရာသွား..... အများနဲ့နည်းတူ အတူတကွ သွားလာနေထိုင်လို့ ရနေခဲ့တယ်၊ ပကာသနမလို ဟန်ဆောင်မှုမလို၊ အများလို နေလို့ရတယ်။ထိုင်လို့ရတယ်။ စားလို့ရတယ်။ သောက်လို့ရတယ်။

အသိဆိုတဲ့ တစုံတယောက်ကို ကြောက်ရွံ့နေဖို့ ရှက်ရွံ့နေဖို့ ဟန်ဆောင်ဖုံးကွယ်နေဖို့မလို.... ဘာမှမလို....ဟိုကိုသွားတယ် ဒီကို သွားတယ်၊ ဟိုကို ကြည့်တယ်၊ ဒီကိုကြည့်တယ်၊ လွတ်လွတ်လပ်လပ်ပဲ ဘာဖြစ်လဲ.....

ဒါပေမယ့် ဘယ်သူတွေကမှ သူ့ကို လိုက်မကြည့်၊ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဂရုမထား ပေါ့ပါး လွတ်လပ်စွာ.....လူ့ဘဝရဲ့ လွတ်လပ်တဲ့ အရသာကို သူ ခံစား လှုပ်ရှားခွင့်ရနေတယ်၊ အညတရ ဘဝတူတွေနဲ့အတူ (သို့မဟုတ်) အများနည်းတူ ပြည်သူတွေနဲ့ အတူ သူပြုမူနေထိုင်လို့ ရတာဟာ၊ ကြည့်ရတာ၊ အရသာရှိပုံ ရလိုက်တာ.....ဘဝဆိုတာ ဒါပဲ၊ လောကဆိုတာ ဒါပဲ၊ လူ့ဘဝ ဆိုတာ ဒါပဲ၊ လူ့အရသာဆိုတာ ဒါပဲ မဟုတ်လား.....

× × ×

သစ်ရွက်ကြွေတွေ လေသင့်ရာ လွင့်မျောလို့ နေကြတယ်၊

သစ်ပင်ကသစ်ရွက်တွေဟာ လေတိုက်တဲ့အခါ လွတ်လပ်စွာ လှုပ်ရှား ယိမ်းကနေကြတာ အရသာပဲ၊ လိပ်ပြာလေးတွေ လွတ်လပ်စွာ ပျံသန်းနေကြတာ ချစ်စရာကောင်းလိုက်တာ၊ ပန်းပေါင်းစုံတွေ လွတ်လပ်စွာ ဝေဝေဆာဆာ ပွင့်လန်းနေတာ နမ်းရှိုက်ရတာ အရသာရှိလိုက်တာ၊ တိမ်တွေ လေတိုက်ရာ လွတ်လပ်စွာ လွင့်မျော ပျံသန်းနေကြတာ ကြည့်ရင်း လှပ လိုက်တာ.....

မြစ်ပြင်ကျယ်မှာ လှေကလေးတွေ လှော်ခတ်နေကြတာ ပေါ့ပါးလိုက်တာ၊ ညဦးဘက်မှာ ကြယ်တွေ တောက်ပလင်းလက်လို့ နေကြတာ လှပလိုက်တာ၊ ညဦးအမှောင်ထဲမှာ ပိုးစုန်းကြူး တောက်ပ ပျံသန်းလို့နေတာ ဗိုး.....လှလိုက်တာ၊



အများနည်းတူပမာ လူ့ဘဝမှာ လွတ်လပ်တဲ့ သဘာဝရဲ့ ပကတိ အရသာကို သူခံစားကာ နှစ်သက်ပျော်ပါးလို့ နေမိပါတယ်။

ပြိုင်သူမရှိ၊ ဆိုင်သူမရှိ၊ အထင်ကြီးသူမရှိ၊ အထင်သေးသူမရှိ၊ သိသူမရှိ၊ ကဲ့ရဲ့သူမရှိ၊ ပကတိဘဝ.....ယခု သူ ရယူနိုင်ခဲ့ပြီပဲ..... ပိုင်ဆိုင်နေပြီပဲ။

× × ×

သူဟာ လူသားတွေကို ချစ်တယ်၊ သူဟာ ဘဝကိုချစ်တယ်၊ လွတ်လပ်မှုကို ချစ်တယ်၊လေ့လာမှုကို ချစ်တယ်.....ရိုးသားမှုကို ချစ်တယ်.....

ပြီးတော့ သူဟာ ဟန်ဆောင်မှုကို မုန်းတယ်၊ ပကာသနကို မုန်းတယ်၊ အပေါ်ယံရွှေမှုန်ကြဲဘဝကို ရွံရှာစက်ဆုပ်တယ်၊ သူဟာ လောကရဲ့ ဇာတ်လမ်းရေးသူဘဝထက် (လောကရဲ့စေစားရာ ဘဝ) ဇာတ်ဆောင်ကပြသူဘဝကို သူ ပိုနှစ်ခြိုက်တယ်။

တကယ်တော့လည်း (လက်ရှိဘဝ သူ့ဖြစ်ထွေကို) မဖြစ်ညစ်ကြယ် ပြောတယ်ရယ်လို့ ပြောချင်ပြော၊ ဆိုချင်ဆိုကြပါ၊ စပျစ်သီးက ချဉ်တယ်ရယ်လို့ ဆိုချင်ဆို ပြောချင်ပြောကြဗျာ.....

လောကမှာ အနုပညာသမား အညတရ လူသားတစ်ဦးဟာ

www.burmeseclassic.com

www.burmeseclassic.com



လူထုကြားမှာ ပျော်ဝင်ကာ၊ သွားလာနေနား ဝင်စားနေထိုင် လှေလာ၊ အို လွတ်လပ်လှုပ်ရှားလို့နေရတာ၊ ဘယ်အရာဘာနဲ့မှ မတူပါလား၊ ဟရို့လို့သာ၊ ခုနေမှာ သူ့ဟာသူကျေနပ်မှတ်ချက် ပီတိပွားနေမိတယ် ဆိုတာပါပဲလေ.....၊ တကယ်ပါ လောကကြီးရာ။

၄။ ဘယ်သူ့တရားပျက်ပျက် မိမိမပျက်နဲ့

ယူသည် အမြဲ အမိပွာယ်မဲ့ အခြေအနေမျိုးဆိုက်နေပြီး ထို အမိပွာယ်မဲ့ အခြေအနေများကို ရင်ဆိုင်နေရပါသည်၊ အမိပွာယ် မဲ့မှုများတွင် မနာလိုမှု၊ ဝန်တိုမှု၊ အလိုဆန္ဒကြီးမှု၊တစ်ကိုယ်ကောင်း ဆန်မှုများ ဖြစ်ပါသည်။

(အယ်လ်ဗတ်ကမူး)

သည်စာပုဒ်ကလေးကို တွေ့ရတဲ့အခါ ဖုံ့ညြရင်း လောက အကြောင်း တွေးမိတယ်။

တွေးရင်း ပြုံးမိတယ်၊ အပြုံးလဲ့လဲ့ တစ်ချက် ပြုံးမိတာသာ ဖြစ်ပါတယ်။



ဘာကြောင့်ဆို ကဗျာလေးတစ်ပုဒ်ကို သတိရမိလို့ပါပဲ။

ဘာအကြောင်းလဲ။
သည်အကြောင်းပဲလား။
ပြီးတော့.....
သေးနုပ်သိမ်ဖျင်းတဲ့....
ဟောဒီ ရပ်တည်ချက်နဲ့
ကဗျာဆရာရဲ့ ရှေ့ပြေးလမ်းမှာ
ငါရောက်ခဲ့တာ တစ်ကြိမ်မဟုတ်
အကြိမ်ပေါင်းများစွာ
ထပ်ခါတလဲလဲ
ပြီးတော့......
အဲသည်လမ်းမှာ
ငါလျှောက်ချင်နေဆဲ။

(မာယာကော့စကီး)

အနုပညာသမား(သို့မဟုတ်) စာပေသမားတချို့ မိမိနှင့်လို လူမျိုးကို အမှတ်သည်းခြေ နည်းသူလို့များ ဆိုရလေမလား ဆိုကြလေမလား မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



မိမိနှယ် တချို့လည်း ဖြစ်ကောင်းဖြစ်နေ၊ တွေ့ကောင်း တွေ့နေကြပါလိမ့်မယ်။

ကြည့်ပါ. . . .

မိမိနဲ့ အယူအဆချင်း မတူမှန်းသိတယ်။ ဘယ်လိုမှလည်း ပြောဆိုလို့မပြစ်မှန်းသိပေမယ့်၊ အလိုလိုပဲ အချည်းနှီး အကြိမ်ကြိမ် အခါခါ ထိုသူနဲ့ ပြောဆိုနေခဲ့မိတာမျိုး၊ နေမိနေဆဲမျိုး ကြုံဖူး ဖြစ်ဖူးကြမှာပါ။

ထို့အတူ သည်လမ်းကို သည်ဘက်ကသွားလို့ အဆင်ပြေမှန်း သိပေမယ့် အဲဒီဘက်ကိုပဲ ရွေးပြီး သွားနေမိတာမျိုး၊ သွားနေမိ ဆဲမျိုးတွေ၊ ဖြစ်နေမိတတ်ကြမယ်။

ဒါကို ဘယ်လိုပြောရမလဲ။

တကယ်တော့ ပိုးဖလံမျိုး မီးကိုတိုးတဲ့ပမာ၊ သိသိနဲ့တိုးနေမိ တာမျိုးလည်း ရှိနေတယ်။

တိုးရှာနေတာမျိုးလည်း ရှိတယ်ဆိုတာ မငြင်းသာပါ။

ပါးစပ်အကျင့် ဝမ်းအချင့်ဆိုတဲ့ပမာ၊ ဒါကိုပဲ တပ်မက်သာယာ နေမိသလား မသိပါ။

ခုထိ စာပေနယ်မှာ မိမိ ခုလို ဖြစ်နေမိတာ အမှန်ပါ။

ဒါလည်း မဆန်းပါ၊ မိမိမနိုင်သူကို အနိုင်ယူလိုစိတ်လား။

ဒါမှမဟုတ် မိမိနိုင်နေသူကို ထပ်ဆင့်အနိုင်ကျင့် ဝင့်ဝါလိုစိတ် လေလား။



မိမိကိုယ်ကို ခွဲခြမ်းစိတ်ဖြာဖို့တော့ ကောင်းနေပြီ။ ထို့အတူ မိမိလို စိတ်ဓာတ်မျိုး ရှိသူတွေလည်း စဉ်းစား သုံးသပ်ကြဖို့ သင့်ကြပြီ ထင်တယ်။

ဒါဟာ မကောင်းတဲ့စိတ်လက္ခဏာပါ။

ဒါနဲ့ တဆက်တည်းမှာ (တစ်နည်း) စာပေနယ်မှာပဲ ဆိုပါ တော့၊ ကိုယ့်လောက် အရည်အချင်းမရှိဘဲ ကိုယ့်ထက်ဖောင်မြင် နေတယ်ထင်တဲ့ သူတွေ. . .။

ဘာမဟုတ်ဘဲ ကိုယ့်ထက် အရာပေးခြင်း ခံနေရတယ် ထင်တဲ့ သူတွေ။

သူတို့တွေကြားမှာ တစ်ခါတစ်ခါ မိမိတို့ဟာ မလိုတမာ စိတ်တွေ။

မိုက်မဲစွာ သတိလက်လွတ်စိတ်တွေ၊ ရောယောင်ပါနေတတ် ကြလို့ပါ။

ဒါကို ဆင်ခြင်သုံးသပ်ပြီး မိမိတို့ မကောင်းတဲ့ စိတ်ဆန္ဒကို ရပ်တန်းက ရပ်ကြဖို့ပါ။

သူများပျက်လို့ လိုက်မပျက်ကြဖို့ပါ။

သူများဆွလို့ လိုက်မရွှကြဖို့ပါ။

ဒါကို အသေအချာ စဉ်းစားကြဖို့ လိုပါတယ်။

ဆင်ခြင်ဖြစ်ကြဖို့ လိုပါတယ်၊ သတိထားကြဖို့ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကမူးက ဒီလိုရေးသားခဲ့ပါတယ်။

" ကျွန်တော့် အခန်းကဏ္ဍဟာ လောကကြီးတစ်ခုလုံး (သို့မဟုတ်) လူသားတစ်ရပ်လုံးကို ပြောင်းလဲပစ်ဖို့ သတ်မှတ်မထားပါဘူး၊ ကျွန်တော်အဖို့ ဒါမျိုး ရည်ရွယ်ချက်လည်း မရှိ။ နားလည်မှုလည်း မရှိပါဘူး၊ ဒါပေမယ့် လောကကြီးကို ပုံစံမပြောင်းဘဲ ဒီအတိုင်း ပစ်မထားထိုက်ဘူးလို့တော့ ထင်ပါတယ်၊ ဒီလိုမှ ပုံစံမပြောင်းရင် လူသားတစ်ယောက်ဟာ လေးစားထိုက်တဲ့သူ ဖြစ်လာမှာ မဟုတ်ပါဘူး" လို့ ဆိုထားခဲ့ပါတယ်။

လမ်း လမ်း လျှောက်လှမ်းကြရာလမ်း
သွားလာရာလမ်းတွေ ကိုယ်စီကိုယ်ငနဲ့ပါ
တကယ့်တော့ လုစရာ ပြိုင်စရာ မလို
တွန်းတိုက်နေစရာ မလိုပါ။

မိမိတို့မှာ ပင်ကို ကိုယ်စွမ်း အားမာန်စွမ်းတွေ ရှိကြပါတယ်။ ပန်းတိုင်ရှိကြပါတယ်။ ဒါဟာ အဓိကမှုလပဲ ဖြစ်ပါတယ်။ သည်ဆီ သွားကြရမယ်။

ဒါကို သွေဖည်ပြီး၊ အမှောင့်ပယောဂပူးပြီး ကမူးရှုးထိုးတိုးဝင် သွားနေမိရင် သူများလမ်းစပ်ကြား မိမိအမှား ပြန်ဖြစ်



သွားနိုင်တယ် ဆိုတာပါပဲဗျာ။

မိမိပမာ၊ ဝါသနာတူများ ဆင်ခြင်ကြဖို့ရာ၊ အောက်ပါစာပိုဒ်ကလေးကို ဆင့်ပွား ကမ်းဝေရင်း လမ်းမှန်ကို ပြညွှန်တည့်မတ်ပေးလိုက်ပါတယ်။

'တို့တွေ မသိမ်ဖျင်းကြ၊ စာရေးဆရာဘဝလမ်းများမြင့်မားမြင့်တင်ကြဖို့ပါ '

**စာရေးဆရာဘဝ**

" စာရေးဆရာသည် တိုင်းပြည်နှင့် လူတန်းစားများတို့၏ ခံစားချက်ကို ဖော်ပြသူဖြစ်သည်။

သူတို့သည် တိုင်းပြည်နှင့် လူတန်းစားများ၏ နားမျက်စိ၊ အသည်းနှလုံးများ ဖြစ်ကြလေသည်။

ထို့မျှပင်မက.....

ခေတ် တစ်ခေတ်၏ ကြွေးကြော်သံလည်းဖြစ်သည်"

(ဂေါ်ကီ၏ ဘဝနှင့်စာပေမှ)

www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ ကိုယ်ရည်ကိုယ်သွေးစွမ်းအားမွေး

"ကျုပ်တို့ဘာသာ ကိုယ့်ဟာကိုယ်အားရှိအောင် လုပ်ဖို့အရေး ကြီးပါတယ်ဗျာ၊ အားသာရှိလာရင်လူရှိသေလာမှာပေါ့"

သခင်ဘမောင်ပြောစကား
မြစ်ဇရာပေါ်ဝယ်၊ စာ ၃၈၆-မှ
ဖန်းမော်တင်အောင်ရေး

× × ×

လူဟာကိုယ့်အား ကိုယ်ကိုးရတာပဲဖြစ်ပါတယ်၊ ဒါပေမယ့် ငါတကောကောလို့ မရပါဘူး၊ အများနဲ့မိတ်ဆွေလဲ ဖွဲ့ရှပါတယ်၊ အကူအညီလဲ ရယူသင့်က ရယူရပါတယ်၊ ကိုယ်လဲ ထို့အတူ သူလဲ ထို့အတူပဲ ဖြစ်ကြတယ်၊ လူနဲ့လူချင်းရိုင်းပင်းကူညီ ကြရရိုး ထုံးစံရှိပါတယ် မကင်းပါဘူး။

ဥပမာ ခွေးတွေကိုကြည့်ပါ၊ တစ်ကောင်နဲ့တွေ့လိုက်တာနဲ့ ပါးစပ်ဖြဲပြကြ သွားဖြဲပြကြ၊ ရန်ထောင်ကြ၊ မာန်စောင်ကြ၊ ဟောင်ကြ ကိုက်ကြ ခဲကြ၊ နိုင်လိုမင်းထက်ပြု အဲဒီလို နေကြတာ သူတို့တွေရဲ့ သဘာဝပဲဖြစ်ပါတယ်၊ လူ့အမြင်နဲ့ကြည့်ရင် စိတ်ပျက်



စိတ်ချုပ်စရာပေပဲ....

ဒါပေမယ့် ခွေးလောကကိုချည်း အပြစ်တင်လို့မရပါဘူး၊ လူ့လောကမှာလည်း လူနဲ့လူချင်း ရိုင်းပင်းကူညီမှု ကင်းမဲ့ကာ နိုင်လိုမင်းထက် ပြုကျင့်နေချင်တာတွေ၊ မနာလိုနေတာတွေ၊ ငြူစူနေတာတွေဟာ တချို့တွေရဲ့ စရိုက်သဘာဝမှာ အလိုလို ပါနေပြီးသားတွေ ဖြစ်လို့နေကြပါတယ်၊ ဝမ်းနည်းစရာပါ.....

တကယ်တော့ လူဟာ မြင့်မြတ်သူပါ၊ ယုတ်ညံ့တဲ့မိစ္ဆာမဟုတ်ပါဘူး၊ ဘာလုပ်မလဲ ပညာသင်ယူမလား၊ စီးပွားရှာမလား၊ ဘုရားပေါ်တက်မလား၊ ဘုန်းကြီးကျောင်းသွားမလား၊ တရားထိုင်မလား၊ ပုတီးစိပ်မလား၊ တရားရိပ်သာသွား ဥပုသ်ရက်ရှည်ဝင်မလား၊ ကောင်းတာတွေအပုံအကုန်လုပ်လို့ ရနိုင်ပါတယ်၊ လုပ်သူတွေလည်း ဒုနဲ့ဒေးပါ၊ လုပ်ဖို့ အားပေး လှုံ့ဆော် ကူညီနေသူတွေလည်း ဒုနဲ့ဒေးပါပဲ။

× × ×

ဒါပေမယ့် အဲဒီထဲမပါ ယုတ်မာပက်စက် စရိုက်ရှိနေသူတွေဟာလဲ ဒုနဲ့ဒေးပဲ ရှိကြပါတယ်။

ရှက်တတ်ရင်တော့ ရှက်စရာဘဲပေါ့ဗျာ၊ ဒါပေမယ့် ရှက်တတ်ဖို့ဆိုတာလည်း မလွယ်ပါဘူး၊ လူမှာ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ရေးဆိုတာရှိပါတယ်၊ အများစုဟာ ဝေဖန်ရေးကို နားမလည်

www.burmeseclassic.com



ပါဘူး၊ ဝေဖန်ရေးနဲ့ အပြစ်တင်ချေချွတ်ရေးဆိုတာလည်း ခွဲခြားနားမလည်ကြပါဘူး။

ဝေဖန်ရေးဆိုတာဟာ ကောင်းစေချင်လို့ အားနည်းချက်၊ လိုအပ်ချက်ကို ထောက်ပြတာပဲ ဖြစ်ပါတယ်၊ လူ့အပြုအမူအရ၊ အဲဒီအခါမှာ စကားလုံးအရ၊ အပြုအမူ အကျင့်အရ၊ ပျော့ပျောင်းညင်သာချင်မှ ပျော့ပျောင်း ညင်သာပါလိမ့်မယ်၊ ညင်သာပျော့ပျောင်းရင်တော့ အကောင်းဆုံးပေါ့ဗျာ။

ဒါပေမယ့် ခက်မာကြမ်းတမ်းရင်လည်း ကိုယ်က သဘောထား ပြည့်ရင် အကြောင်းတော့မဟုတ်ပါဘူး၊ အပြုသဘောနဲ့ စေတနာအရင်းခံ ပါပြီးသားဆိုတာ သိထားရင် နားလည် ခံစားလို့ ရနိုင်ပါတယ်၊ ကိုယ်တိုင်လည်း ပြည့်ဝနားလည်သဘောထားကြီးဖို့တော့ လိုတာပဲပေါ့ဗျာ။

လူတွေအများစုဟာ ဝေဖန်ရေးကို ပြစ်တင် ရှုတ်ချတာနဲ့ လွဲမှားကာ၊ မိမိကိုယ်ကို အရမ်းအကာအကွယ်ယူ ချေပတုန့်ပြန်ကာ၊ ဆတ်ဆတ်ထိမခံ ဖြစ်တတ်ကြပါတယ်၊ အရေ ပါးလွန်းတတ်ကြပါတယ်၊ ခေါင်းကွဲစာပွဲ့လန့် ဖြစ်တတ်ကြပါတယ်၊ အိုးမလုံအုံပွင့် ဖြစ်တတ်ကြပါတယ်။

ဒါဟာ လူ့စရိုက်ထဲက ဇာတိပြဆိုတာလိုပဲ၊ မိမိတို့ရဲ့ အားနည်းချက်ကို အလိုလို ဖော်ပြနေပြီးသားပဲ ဖြစ်နေ



ပါတော့တယ်၊ အဲဒီတော့ ရှင်းလေရှုပ်လေဆိုသလိုပဲ၊ မုန့်လုံးစက္ကူကပ်ဇာတ်လမ်း ဖြစ်ရပါတော့တယ်၊ ယိုသူမရှက် မြင်သူရှက်ဖြစ်ရပါတော့တယ်. . .။

× × ×

တကယ်တော့ လောကကြီးမှာ ကိုယ်ပြည့်ဝနေရင် ဘာမှ ဘောင်ဘင်ခပ်စရာမလိုပါဘူး. . . တုန့်လှုပ်နေစရာ မလို ပါဘူး. . . နောက်ဆုံး ကိုယ်ကောင်းနေရင် ခေါင်းဘယ်မရှေ့ပါဘူး၊ သူက သူ့ခိုးပဲ ပြောပြော၊ ကြမ်းပိုးပဲပြောပြော၊ ပြောချင်ရာပြောပါစေ၊ ကြာရင် မောသွားမယ်၊ ဟုတ်မဟုတ် ကြားသူမြင်သိ၊ သိရှိနားလည်သွား လိမ့်မယ်၊ ဒါပဲရှိတာပဲ။

တစ်ခါတစ်ခါမှာ ပြဿနာဆိုတာ သိပ်ရှင်းပြနေဖို့မလိုပါဘူး။ ရှင်းပြီးသားလည်း ဖြစ်နေပြီးသား ဖြစ်နေတတ်တယ်၊ အလိုလို ရှင်းလင်းသွားတတ်တာလည်း ရှိတာပဲ. . . .

အမှန်အမှားဆိုတာ လူများစုက သိပြီးသားတွေပဲ ဖြစ်ကြပါတယ်၊ဘာကြောင့်ဆို၊ လူဆိုတာ ပုံမှန်အားဖြင့် အသိဉာဏ်သိပ်မကွာကြတာကြောင့်၊ ပုံမှန်အနေဆို သိပြီးသားတွေပဲ ဖြစ်ကြပါတယ်၊ အဲဒါကို မသိ နားမလည်သူဆိုတာ၊ တကယ်တော့ မရိုးသားသူ၊ မမှန်ကန်သူတွေသာ ဖြစ်တတ်ကြပါတယ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ စာရေးသူတို့လူမှုဘဝတွေမှာ တချို့က ကောင်းတာမွန်တာ ရိုးသားတာကိုသာ လိုလားရှာဖွေ ပေါင်းသင်းမိတ်ဆွေဖွဲ့တတ်ကြပေမယ့်၊ တချို့တွေကတော့ အဲဒီဆိုးသူတွေကိုမှ၊ ဆိုးသူတွေနဲ့မှ ပေါင်းသင်းဆက်ဆံ လက်တွဲ လုပ်ကိုင်လိုကြသူ ဆိုတာတွေလည်း ရှိတာပဲ။

တကယ်တော့ ဒီကတည်းက အဖြေဟာ ရှင်းပြီးသားပဲ ဖြစ်ပါတယ်။

ဒီလို ရှုချင်ယောင်ဆောင်သူတွေ၊ အောက်ကလိအာတွေကို တစ်ခါတစ်ခါ ထိပ်တိုက်ရင်ဆိုင်လာရတဲ့အခါ၊ မပြောမဖြစ်၊ မရှင်းမဖြစ် ရှင်းပြရတာမျိုးတော့ ရှိကြရပါတယ်။

အဲဒီအခါမှာလည်း စာရေးသူတို့ဟာ အများပြုမူကာ ခွေးလိုစရိုက်မျိုးရှိတဲ့သူမျိုးတွေရဲ့ စရိုက်ကို ရှောင်ကွင်းကာ၊ ပြည့်ဝတဲ့ လူရိုးလူကောင်း လူကြီးလူကောင်းထုံး နှလုံးမူကာ၊ ပြုမူတုန့်ပြန် စိတ်ရှည်ကြဖို့ လိုတာပါပဲ။

တကယ်လို့ စိတ်မရှည်ခဲ့ရင် တစ်ဖက်သားနဲ့ တန်းတူဖြစ်သွား မယ်ဆိုတာပဲ။ ဥပမာ - ကိုက်ချင်တဲ့ခွေးနဲ့ ဖက်ပြိုင်သွားကိုက်ရင်၊ လူဆိုတဲ့ မြင့်မြတ်တဲ့သူဆိုပြီး၊ ယုတ်နိမ့်တဲ့ ခွေးဆိုတာမျိုးနဲ့ အတူတူ ဖြစ်သွားရတော့မှာပေါ့။ ဒါကို သတိထားဖို့လိုပါတယ်။



တဖက်သားက ရန်ဖြစ်ချင်တယ်၊ ကိုယ်က သူဖြစ်ချင်သလို လိုက်ဖြစ်လိုက်ရင်၊ သူ့ဆင်ကွက်ထဲ ဝင်သွားရမယ်၊ ကိုယ့်အခြေပျက်မယ်၊ သူ့အကြိုက်ဖြစ်မယ်၊ ဒါပဲ. . .

× × ×

ခုခေတ်မှာ ဒါမျိုးတွေကအများကြီးရှိတယ်၊ဥပမာလက်ဝှေ့ပွဲမှာပဲဖြစ်ဖြစ်၊ဘောလုံးပွဲ၊တခြားတင်းနစ်၊ဘတ်စ်ကက်ဘော၊အလေးမ၊ လှေလှော်ရွက်တိုက်စတဲ့ ပြိုင်ပွဲတွေမှာ၊ သူတို့ဟာ တစ်ဖက်သားရဲ့ အားနည်းအားသာချက်တွေပေါ်မှာ မူတည်ပြီး၊ဟန်ချက်ပျက်အောင် စိတ်ဓာတ်စစ်ဆင်ရေးတွေ၊ လုပ်ဆောင်ကြရတယ်ဆိုတာလည်း နည်းပညာတစ်ရပ်ပဲ ဖြစ်ပါတယ် ဆိုတာပဲ။

ဒါကြောင့် စိတ်ဓာတ်မယိမ်းမယိုင်ဖို့၊ တည်ငြိမ်ရင့်ကျက်ဖို့ သိပ်ကိုလိုတယ်ဆိုတာပါပဲ။ ဒီလိုမတည်ငြိမ်ရင် ကိုယ့်ရဲ့အားသာချက်တွေဟာ တစ်ဖက်သားရဲ့အားသာချက် ဖြစ်သွားရမယ်ဆိုတာ သတိထား နားလည်မှ ဖြစ်မယ်ဆိုတာပါပဲ။

လူ့ဘဝမှာရှိကြပါတယ်၊ နိုးတတ်ရင် ယိုးတတ်တယ်ဆိုတာမျိုးပါ၊ တချို့စာရိတ္တအားနည်းသူ ကိုယ်ခံအင်အားနည်းသူတွေမှာ၊ သူတို့ဟာ ကိုယ်ရည်ကိုယ်သွေး နိမ့်တဲ့အခါကျတော့၊ သူတို့မှာ ဂုဏ်သိက္ခာအရာမှာပဲဖြစ်ဖြစ် မလုံမခြုံဖြစ်နေတတ်တယ်။ အဲဒီအခါမှာ ဘာမဆို အားငယ်သိမ်ငယ်စိတ်နဲ့ အရာရာကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တတ်တယ်။ အဲဒီအခါမှာ သူ့ထက်အားသာသူအပေါ်မှာ လက်တုံ့ပြန်တတ်တာတွေ ရှိတယ်၊ အဲဒီထဲမှာ ကိုယ့်ထက်သာ မနာလိုစိတ်၊ သူ့ကိုယ်မှာ နားရွက်ပြတ် ဖြစ်နေလေတော့ တစ်ဖက်သားရဲ့နားရွက်ကိုလည်း ပြတ်စေချင်တဲ့စေတနာမျိုးတွေ ရှိလေတော့တယ်။

အဆိုးမြင်စိတ် မကောင်းစိတ်နဲ့၊ အငြိုးတကြီး၊ အာဃာတ တကြီးလည်း လုပ်တတ်ကြတယ်၊ တချို့ကလည်း ကိုယ်နဲ့နှိုင်း မရိုင်းဆိုတဲ့ အောက်တန်းကျစိတ်ဓာတ်တွေ ရှိနေကြတယ်၊

အဲဒါကတော့ ချဉ်ပေါင်ဟင်းနဲ့ ဝက်သားနဲ့လဲမယ် ဆိုတဲ့ အောက်တန်းကျ စိတ်တွေပဲဖြစ်တယ်၊ ဘာပဲဖြစ်ဖြစ် ဖြစ်ရရင် ပြီးရောဆိုတဲ့ စိတ်ပဲ ဖြစ်ပါတယ်၊ အဲဒီအခါမှာ ကိုယ်က သူ့ခွင်ထဲ ဝင်သွားမိရင် သူနဲ့တန်းတူတဲ့ လူတန်းစားစာရင်း ဝင်သွားမယ်၊ သတိထား ရှောင်ကျဉ် နေထိုင်သွားတတ်ဖို့ပဲဖြစ်ပါတယ်။

× × ×

လောကကြီးမှာ ကိုယ့်ထက် သာသူဟာလည်း ရှိနေမှာပဲ၊ ကိုယ့်အောက် ညံ့သူဟာလည်း ရှိနေမှာပဲ၊ ကိုယ့်ကိုချစ်သူ ဆိုတာလည်း ရှိနေမှာပဲ၊ မုန်းသူဆိုတာလည်း ရှိနေမှာပဲ။

ဘယ်လိုချစ်အောင်လုပ်လုပ် ကိုယ့်ရဲ့အကြောင်းကံတရား အရပဲဖြစ်ဖြစ် မုန်းချင်ရင် မုန်းနေမှာပဲ၊ တကယ်တော့ မုန်းတယ်



ဆိုတာ ပိုက်ဆံပေးရတာလဲ မဟုတ်ပါဘူး၊ သူဟာသူအလိုလို မုန်းချင့် မုန်းနေတတ်တာဖြစ်တယ်၊ ကိုယ်လည်း အရိယာ သူတော်စင် မဟုတ်တော့ ပုထုဇဉ်ပီပီ ဒီလိုစိတ်မျိုး ကင်းချင်မှ ကင်းပါလိမ့်မယ်။ သူလည်း ဒီလိုပဲ၊ ကိုယ်လည်းဒီလိုပဲဆိုတာ အသိတရားတစ်ချက် ကလေး ထားထားနိုင်ဖို့ရာပဲ ဖြစ်ပါတယ်။

တချို့လည်း ကိုယ့်ကိုချစ်နေသူတွေ ရှိတတ်ကြပါတယ်၊ ဘယ်လိုပဲနေနေ၊ချစ်နေသူအမြင်မှာလဲ မြင်မြင်သမျှ ချစ်လို့ နေမှာသာပဲဖြစ်တယ်။ ဒါကြောင့်လဲ၊လောကနီယာမလူတွေဟာ၊ ဘဝရပ်တည် နေထိုင်လို့ ရနေကြတာမျိုး ဖြစ်အောင်၊ မုန်းသူ မုန်းသူချင်း, ချစ်သူ ချစ်သူချင်း ဖော်သင်းဖွဲ့နေကြတာများတယ်။

ပြီးတော့ အခြေအနေအချိန်အခါအရ အဖြူကအမည်းဖြစ် မိတ်ဆွေဖွဲ့၊ အမည်းက အဖြူဖြစ်နဲ့မိတ်ဆွေဖွဲ့၊ မဟာမိတ်ဖွဲ့၊ အင်အားဖွဲ့၊ ထူထောင်ပေါင်းဖွဲ့ နေကြရတာလဲ ရှိနေတတ် ကြတယ် ဆိုတာပါပဲ။

အဓိကတော့ ကိုယ့်မှာ ကိုယ်ရည်ကိုယ်သွေးနဲ့ စိတ်ဓာတ် ခွန်အား မြင့်မားနေဖို့ လိုအပ်တာပါပဲ။

အောက်တန်းစားစိတ်နဲ့ အောက်တန်းစားလူဆိုတာကတော့ ရှိနေကြမှာပါပဲ၊ ဒါကိုသဘောပေါက်နားလည်ပြီး၊ ကိုယ့်ရဲ့ပန်းတိုင် မပျောက်၊ ရည်ရွယ်လမ်းစဉ်မပျောက်၊ လျှောက်သွားနိုင်မှ တန်ကာကျမယ် ဆိုတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လောကဆိုတာကတော့ အားကစားမှာပဲဖြစ်ဖြစ်၊ တခြားပညာရေး၊ အနုပညာမှာပဲဖြစ်ဖြစ်၊ ကိစ္စရပ်တွေတိုင်းမှာ၊ ပြိုင်ဘက်၊ ဆန့်ကျင်ဘက် ဆိုတာ ရှိကိုရှိရမှာ၊ ရှိလဲရှိနေမှာပါပဲ။ မိမိတို့ဟာ ဒါကို တော်လှန် လွန်မြောက် တွန်းလှန် ရုန်းကန် သွားကြရမယ် ဆိုတာ၊ လောကဓံတရားရဲ့ အားစမ်းမှု တစ်ခုပဲဖြစ်တယ် ဆိုတာပါပဲ... မိမိတို့ရဲ့ ကိုယ်ခံ စွမ်းအား(သိစိတ်ထား) မြင့်မားနေဖို့သာ ပါပဲ...။

× × ×

ဒါနဲ့ပတ်သတ်ပြီး...

စာတစ်ပုဒ်မှာကတော့ ဒီလိုဆိုထားပါတယ်၊ "အသက်ရှူတာကတော့ ကိုယ့်နှာခေါင်းပေါက်နဲ့ပါပဲ၊ အလုပ်ကျတော့ သူများရဲ့ ဦးနှောက်ဉာဏ်စေစားမှုနဲ့ လုပ်နေမယ်ဆိုရင်တော့ စိတ်ချမ်းသာမှု ရနိုင်မှာမဟုတ်ပါဘူး...

တကယ်စိတ်ချမ်းသာသူတွေဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်သူတွေပါ...

ဘယ်ဘဝမျိုးရောက်ရောက်၊ ဘယ်လိုပဲခံစားရခံစားရ၊ သိပ် မတုန်လှုပ်အောင် လေ့ကျင့်ထားဖို့လိုပါလိမ့်မယ်၊ ဒါဟာ စိတ်ချမ်းသာမှုကိုရအောင် ကြိုးပမ်းတဲ့နေရာမှာ ပဓာနအကျဆုံး ကျင့်ကြံ အားထုတ်မှုတစ်ရပ်ပါပဲ.....



စိတ်ချမ်းသာမှုကိုအများဆုံးရအောင်၊ နေ့တိုင်းမိနစ်တိုင်းရဲ့ ပြောဆိုမှု လုပ်ကိုင်မှုတွေဟာ ကိုယ့်ရဲ့လောက ကိုယ့်ရဲ့ ဘဝကိုလည်း မနစ်မွန်းစေသလို၊ သူတစ်ပါးကိုလည်း မထိခိုက်စေဖို့ လိုပါတယ်။ ဒါဆိုရင် စိတ်အေးချမ်းမှု မရစရာ သိပ်မရှိလှ တော့ပါဘူး" ဆိုတာ ပါပဲ...။

× × ×

ဘဝမှာ ဆုံးဖြတ်ချက်ကလဲ အရေးကြီးပါတယ်၊ အသိဉာဏ် မြော်မြင်မှုဟာလဲ အရေးကြီးပါတယ်...

ဒါတွေကို စုစည်းထားတဲ့ အားလုံးသော မိမိရဲ့ ကိုယ်ရည် ကိုယ်သွေးဟာသာ အရေးကြီးဆုံးပါပဲ... အားလုံး နိုင်မာ ရင့်ကျက်မှ တန်ကာကျမယ် ဆိုတာပါပဲ... ပြီးတော့ ဇွဲကလဲ အရေးကြီးပါတယ် ဆိုတာပါပဲ... ကြိုးဝိုင်းထဲမှာ ကြံ့ခိုင်စွာပေါ့ (နော့)။

www.burmeseclassic.com

www.burmeseclassic.com



### ၁၁။ စေတနာမှန်ဖို့လိုတယ်

အကြင်နိုင်ငံတစ်ခုတွင် ပတ်ဝန်းကျင်ကို သတိမမူခြင်း၊ နား မျက်စိကို မသုံးခြင်း၊ စေတနာ ထုံထိုင်းခြင်းတို့သည် ရှိ၏။ ထိုနိုင်ငံတွင် တိုးတက်ခြင်းကို ဖြစ်တတ်သည် ရှိစေကာမူ နှေးကွေးတတ်သည်။ ဤသို့ပင် ထင်မိလေသည်။

(ဒဂုန်တာရာ ရုပ်ပုံလွှာစာအုပ်မှ)

ပတ်ဝန်းကျင်ဆိုတာမှာ သဘာဝပတ်ဝန်းကျင်၊ လူမှုလောက ပတ်ဝန်းကျင်အစုံအလင်ကို ဆိုလိုတာဖြစ်တယ်။

ကဗျာဆရာတဂိုးကလဲ 'လူဟာ သဘာဝရဲ့ ဖန်တီးရှင်တစ်ဦး ဖြစ်သလို သဘာဝရဲ့ ကျေးကျွန်လဲဖြစ်တယ်'လို့ တင်စားပြောဆို ခဲ့တာ မှတ်သားဖူးပါတယ်။

အဓိကကတော့ လူဟာ ပတ်ဝန်းကျင်ကို ချစ်တတ်မှု၊ လေ့လာ တတ်မှုဟာ အလိုအပ်ဆုံးအရာပဲ ဖြစ်ပါတယ်။

ပတ်ဝန်းကျင်နဲ့ လက်တွဲလုပ်ဆောင်မှုဟာ ပိုမိုပြီးလိုအပ် ပါတယ်။

ပတ်ဝန်းကျင်ကို မှန်ကန်တဲ့ တုံ့ပြန်မှုပေးအပ်ဖို့ လိုအပ် ပါတယ်။

BURMESE CLASSIC .com



ပတ်ဝန်းကျင်ရဲ့ မှန်ကန်တဲ့ပေးအပ်မှုကို ခံယူဖို့ လိုအပ် ပါတယ်။

ပတ်ဝန်းကျင်ရဲ့ စစ်မှန်တဲ့ စေတနာကို အလေးအနက် တုံ့ပြန်ဖို့ လိုအပ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကဗျာဆရာတစ်ဦးက ကဗျာတစ်ပုဒ် ခုလို ရေးထားခဲ့ပါတယ်။

**ပရဟိတတံတား**

-ဟိုဘက် ဒီဘက် အသွားခက်၍
ဆက်စပ်ပေးထား သည်ချောင်းကြားဝယ်
တံတားကလေး ထိုးထားတယ်။
-အများတကာ၊ သွားလာနေကျ
မြင်နေကျမို့၊ တံတားကလေး
ကျေးဇူးအရှင်၊ သင့်ဂုဏ်အင်ကို
မြင် မမြင်တော့ ငါမသိ။
-ငါတစ်ယောက်ကား၊ သွားလာနေကျ
မြင်နေရတဲ့ တံတားတစ်ခု
အကြောင်းပြုပြီး၊ သွားမှုလာရေး
ခွေး၊ နွား၊ ကျွဲ၊ ကြောင်၊ ဘာကောင်မဆို
လူများကိုလည်း၊ ဖျို့၊ ဘို မရွေး

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကလေးတွင်၊ သွားရေးမခက်
ပြန်မခက်ရန်၊ အားမာန်ပြည့်ဝ
သင့်လုံ့လစွဲ၊ ခိုင်မြဲဝီရိယ
သတ္တိစသည်၊ သင့်ဂုဏ်ရည်ကို
ငါသည် လေးစား နေလျက်တည့်၊ ။

-တချို့ဆိုလျှင်၊ သင့်ဂုဏ်အင်ကို
မမြင်သော်လည်း ၊ ဝမ်းမနည်းနှင့်။

-ငါတစ်ယောက်ကား၊
တံတားကလေး၊ ရည်အသွေးကို
အားပေးထုတ်ဖော်
ဟစ်အော် ဂုဏ်ပြုလိုက်ပါတယ် . . . . တဲ့ဗျာ. . . . .

ကဗျာဆရာဟာ ပတ်ဝန်းကျင် အပေါ်မှာ အဲဒီလို တုံ့ပြန်ခဲ့ပါတယ်။

သူ့ကဗျာဟာ ကာရန်မဲ့တာလား၊ ကာရန်လျော့တာလားတော့ ခွဲခြားမသိပါ။

သို့သော် ကဗျာရေးတဲ့ အတွေးအခေါ်က တည့်မတ် မှန်ကန်နေတာတော့ အမှန်ပဲ ဖြစ်ပါတယ်။



ကဗျာ ဒါနဲ့ပတ်သက်ပြီး ကာရန်အဓိကလား၊ အကြောင်းအရာက အဓိကလား။

လား. . . လား. . . လားတွေ တွေးရင်းက ဆရာဒဂုန်တာရာရဲ့ စာစုတစ်ခုကို သတိရလိုက်မိတယ်။

" ယင်းကဲ့သို့ မိမိကိုယ်ကို ဝေဖန်သုံးသပ်မိသဖြင့်(၁၉၆၁) လောက်က လင်္ကာနှင့်ကဗျာ ဟူသော စာပေဝေဖန်ရေးဆောင်းပါး တစ်စောင် ရေးခဲ့ဖူးသည်။ ယင်းဆောင်းပါးတွင် ကာရန်နည်းလမ်းနှင့်ညီသော အဖွဲ့၊ ကျွန်တော်က လင်္ကာဟုအမည်ပေးခဲ့၍ ခံစားမှုပါဝင်သောအဖွဲ့ကိုသာ ကာရန်ညီတာ မညီတာ အရေးမကြီးဘဲ ကဗျာဟု ခေါ်သင့်ကြောင်း" ဖော်ပြခဲ့သည်။

(ပန်းပွင့်၏အေးငြိမ်းခြင်းရသ)
ပန် မဂ္ဂဇင်း ၇/၈၄ ထုတ်ဆောင်းပါးမှ

အထက်ပါအတိုင်း ရေးသားခဲ့ပါတယ်။

ကဗျာနဲ့လူမှုပတ်ဝန်းကျင်ဟာ အဓိက ဆက်စပ်ပတ်သက်လို့နေပါတယ်။

တနည်း. . . ကဗျာနဲ့ပတ်ဝန်းကျင်ဟာ အမြဲတမ်း ခြောက်လှန့်ကြောက်ရွံ့ ရှိန်းဖိန်း ဆက်ဆံနေတတ်တဲ့ သဘာဝရှိပါတယ်။

ခုစာမှာ ဒါကို ချေဖျက်လိုရင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဟာ အနုပညာနယ်ပယ်က သီဖွဲ့မှုလက်ရာ စာပေဖွဲ့မှု တစ်မျိုးသာ ဖြစ်သလို ကဗျာရေးသူဟာလည်း ဒါကို ပြုလုပ်သူ ဝါသနာရှင်တစ်ဦးမျှသာ ဖြစ်ပါတယ်။

ဒါထက် ထူးလည်းမထူး ဆန်းလည်းမဆန်းကြပါ။

ပြုလုပ်သူနဲ့ ခံစားသူ၊ မိမိတို့က သဟဇာတ နားလည်သိတတ် ကြဖို့သာ လိုရင်းပါ။

အဓိကက စိတ်ဓာတ်အမြင် ရှင်သန်ကြဖို့ပါ။

စိတ်ဓာတ်အမြင် ဖြောင့်မှန်ဖို့၊ စိတ်ကောင်းနှလုံးကောင်းရှိဖို့၊ စိတ်ကောင်းမွေးမြူ ခံစားကြဖို့ရာ၊ တို့တွေကြားမှာ အခရာပဲ ဖြစ်ပါတယ်။

တို့တွေကြားမှာ အဲဒီစိတ်ထား မွေးလိုက်ရင် အမြင်ရှင်းသွား ကြမှာပါ။ ဒါနဲ့ ပတ်သက်ပြီး ဆရာဒဂုန်ဦးစန်းငွေက ခုလိုရေးသား ခဲ့ပါတယ်။

**စိတ်ကောင်း. . .**

“လူ၏နှလုံးသွေးသည် လယ်ယာမြေနှင့်တူ၏။ နှလုံးသားကို စွဲမှီ၍ဖြစ်သော စိတ်ဓာတ်သည် အသီးအပင်နှင့်တူ၏။

မြေကောင်းလျှင်အပင်အသီးအနှံကောင်းသကဲ့သို့နှလုံးသား ကောင်းလျှင် စိတ်ကောင်းစိတ်မြတ် ကိန်းဝပ်စမြဲ ဖြစ်သည်” တဲ့။

ကဗျာဆရာနဲ့ပြည်သူ သင့်မြတ်ကြည်ဖြူ ဆပွား၊ ကြားသွေး ထိုးစကား ရှောင်ရှားနိုင်ကြပါစေ။



၁၂။ ကဗျာဆရာနဲ့ချစ်ရတဲ့ဝေဒနာ

-ငါဟာ . . . . .
ဒုက္ခကြီးစွာဖြင့်
ဘဝတွက်ရပ်လမ်းကို
သွေးရူးသွေးတမ်း ရှာခဲ့တယ်။
-သို့သော်ငြား
မိုးသားကောင်ကင်
ဝဋ္ဋာခွင်မှာ
ငါလိုချင်တဲ့ ကြယ်စင်တွေက
ဝေးလွန်းလှလို့
တန်ဖိုးတွေက မြင့်လွန်းလှလို့။ ။

(ယက်ဗ်တူရှင်ကို)

ကဗျာဆရာ တစ်ယောက်ရဲ့
ရင်ဖွင့်လွှာဝေဒနာပဲဖြစ်ပါတယ်။
အာရုံခံစားမှု ပြင်းထန်သူ. . .
လောကအပေါ်မှာ တစ်မက်မှု လွန်ကဲသူ. . .

www.burmeseclassic.com

www.burmeseclassic.com



လောကအပေါ်မှာ ပရစိတ်ကြီးမားသူတစ်ယောက်ရဲ့ လောကနဲ့ မိမိအကြား အားမလို အားမရမှုကို ဖွဲ့သီရာ စာတစ်ပုဒ်ပဲ ဖြစ်ပါတယ်။

တကယ်တော့ ကဗျာဆရာဆိုသူ သူတို့ဟာ လောကပေါ်မှာ သိပ်ကိုချစ်တတ်ကြပါတယ်။

ဒါပေမယ့်. . . သူတို့စေတနာ၊ ဝေဒနာနဲ့ သူတို့ရဲ့ ပြောဆိုတဲ့ (ကဗျာဘာသာစကား) ပေါ်မှာတော့ သိပ်ပြီး နားမလည်တတ်ကြပါဘူး။

ကြည့်ပါ. . .
-နားလည်ရခက်စွာနဲ့
ဆုံးစမထင်တဲ့. . .
ခရီးရှည်ကြီးတစ်လျှောက်. . .
ကမူးရှူးထိုး ဇွတ်တိုးသွားတော့. . .
ညဉ့်ရဲ့အရိပ်တွေက လန့်ထွက်ပြေးကြတယ် (တဲ့)။
(ယက်ဖ်တူရှင်ကို)

အရေးအသားမျိုးတွေပေါ့။

ဒါကြောင့် လောကကြီးမှာ သူတို့တစ်တွေဟာ တဘာသာလို ဖြစ်နေတယ်။

သူတို့က တစ်ဖက်သားကို ချစ်တယ်။



ဒါပေမယ့် သူတို့ ချစ်သလို သူတို့ကို ပြန်ပြီး တစ်ဖက်သားရဲ့ ချစ်ခင်မှုကို မရတတ်ကြရှာပါဘူး။

ဒါမှမဟုတ် သူတို့လို မပြင်းထန်တော့ လိုက်မမီကြပါဘူး ထင်စရာပါ၊ ဒါပေမယ့်. . .

သူတို့ဘက်ကတော့တစ်စက်ကလေးမှ သူတို့ စေတနာ၊ သူတို့ ကရုဏာကတော့လျှော့ကျလိမ့်မှာ မဟုတ်ပါဘူး။

-တို့တစ်တွေ
လွတ်လပ်ရေး အလင်းရောင်ကို
မြင်နေရတုန်း။
-တို့နှလုံးသားတွေ
သိက္ခာရှိတဲ့ဘဝကို
တောင့်တနေတုန်း။
-ရောင်းရင်းတို့
အဖနိုင်ငံအတွက်
တို့အသက်ကို
ရက်ရက်စွန့်ကြစို့။
-တို့ရဲ့မျိုးချစ်စိတ်ဓာတ်ကို
အမွန်မြတ်ဆုံးမြှင့်တင်ကြစို့။
(ယက်ဖ်တူရှင်ကို)

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ အင်မတန် ပွင့်လင်းကြတယ်၊ စေတနာတွေ ထုပြောကြတယ်။

ဟန်မဆောင်တတ်ကြဘူး၊ စိတ်ထဲရှိတာပြောပြီး ရင်ထဲရှိတာ ထုတ်ဖော်တတ်ကြတယ်။

ဒါကိုပဲ နားမလည်သူတွေက မဇ္ဈိမစိတ်ပွားများသူ ထင်ရင်လည်း ထင်တတ်ကြတယ်။

မနာလိုစိတ် များသူအဖြစ် ထင်ချင်ရင်လည်း ထင်နေတတ်ကြတယ်။အကောင်းမမြင်တတ်သူအဖြစ်လဲ မြင်ချင်ရင်လဲ မြင်နေတတ်ကြတယ်။

သူတို့ကို ဆန့်ကျင်ဖက်မြင်တတ်သူတွေဘက်က ဖြစ်ပါတယ်။ တိမ်သလ္လာဖုံး အမြင်မရှင်းသူတွေဘက်က ဖြစ်ပါတယ်။

ဒါပေမယ့် သူတို့မှာတော့ ဘယ်သူ ဘယ်လိုပဲမြင်မြင် ပြောပြော သူတို့သဘောအမှန်ကတော့ သိပ်ကိုချစ်တတ်ကြတယ်။

လောကကို ချစ်ကြတယ်။

လူတွေကို ချစ်တတ်ကြတယ်၊ တရားမျှတ လွတ်လပ်ခြင်းကို မြတ်နိုးပြီး တန်ဖိုးထားတတ်ကြတယ်။

ပြီး စေတနာလည်း လွန်ကဲတတ်ကြတယ်။

သူလိုချစ်ဖို့ကိုလည်း လောကအပေါ် လှုံ့ဆော်နေတတ်ကြပါတယ်။ ကြည့်....



သင်ဟာ...

ကဗျာဆရာ...

ဖြစ်ချင်ဖြစ်...

မဖြစ်ချင်နေ...

တိုင်းပြည်ကိုချစ်တဲ့...

ပြည်သူတစ်ယောက်တော့ ဖြစ်ပါစေ.....တဲ့။

(ယက်ဗ်တူရှင်ကို)

ဒီလို(ဆိုဗီယက်) ခု (ရုရှား) ကဗျာဆရာ ယက်ဗ်တူရှင်ကို အကြောင်း မိမိ ခုလိုကောက်နုတ်တင်ပြနေမိတာဟာ သူက ယယ်စဉ် ကတည်းက အင်မတန်တက်ကြွတယ်။

ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲ စိတ်ဓာတ်လည်း ရှိတယ်။

မှန်တယ်ထင်ထားမှုအပေါ် မှာပဲ ဖြစ်တယ်။

ထို့အတူ ကျယ်ပြောတဲ့ လောကအမြင်ရှိသူလည်း ဖြစ်ပါတယ်။

ဆိုလိုတာက သူ့မှာလူမျိုးစွဲ၊ ဇာတိစွဲ၊ ကျဉ်းမြောင်းတဲ့စိတ်မျိုး လုံးဝမရှိဘူး။ ကျယ်ပြောတဲ့အမြင်နဲ့လောကကို မြော်မြင်သုံးသပ်တဲ့ အမြင်တွေပဲရှိတယ်ဆိုတာ ဟောဒီမှာ ဖတ်ရှုဆင်ခြင်ကြည့်ကြဖို့ တင်ပြလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာဟာ ပြည်သူ့ဆက်သွယ်ရေး နည်းနာတစ်ခုပဲ၊ ဒါကြောင့် ကဗျာမှာ တိုင်းကျိုးပြည်ဆောင်တာဝန်ရှိတယ်။ တိုင်းကျိုးပြည်ဆောင် စိတ်ဓာတ်မရှိရင် သူဟာလဲ ပြည်သူ့ကဗျာဆရာကောင်းတစ်ယောက် ဖြစ်မလာနိုင်ပါဘူး။ တိုင်းကျိုးပြည်ဆောင်စိတ်ဓာတ်ဟာ အရာရာမှာ ထင်ဟပ်နိုင်တယ်။

ကဗျာဆရာတစ်ယောက်ရဲ့ အဓိက လိုအပ်ချက်ကတော့ အမိနိုင်ငံနဲ့ ဆက်စပ်နေဖို့၊ အမိနိုင်ငံရဲ့ ဒုက္ခကို ခံစားတတ်ဖို့ပဲ ဖြစ်ပါတယ်။

ကိုယ့်ရဲ့ အကောင်းဆုံးယဉ်ကျေးမှုကို တပါးသူကိုပေးပြီး တပါးသူရဲ့အကောင်းဆုံးယဉ်ကျေးမှုအကူအညီနဲ့ကိုယ့်ယဉ်ကျေးမှု ကြွယ်ဝတိုးတက်အောင် လုပ်ဆောင်တာဟာငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်ခြင်းပဲလို့ ကျွန်တော်ထင်ပါတယ်။ ဒီတိုက်ပွဲ မရှိရင် ကျွန်တော်တို့အတွက် အနာဂတ်ဆိုတာ မရှိနိုင်တော့ပါဘူး" တဲ့။

သူ အဲဒီလို ရင့်ရှုကြွေးခဲ့တာကို မိမိက အားကျမခံ မြန်မာ့ လူငယ်တစ်ယောက်ရဲ့ ကဗျာနဲ့ ပြန်လည်တုံ့ပြန် ရင်ဖွင့်ပြလိုက် ပါတယ်။

သူ့ထက်မပိုတောင် မလျော့ဘူးဆိုတာ နှိုင်းယှဉ်ကြည့်ကြဖို့ပါ။

* * *



ဖယောင်းတိုင်ငယ် သူ့စိတ်နေ
-အမှောင်ပယ်ခွင်း
အလင်းဝေစေ သူ့စိတ်နေ။
-သူ့အလင်းမှ တဖန်ပွားယူ
မည်သူကူးကူး ရွှန်းလဲ့မြူးစွာ
သူကြည်သာလျက် တောက်ပလျက်။

-အများအကျိုး သယ်ဆောင်ပိုးလျက်
သူ့တွက်ဘဝ ကြွေကျပျက်ပြုန်း
ခရီးဆုံးလည်း နှလုံးစိတ်ဝမ်း
ညှိုးနွမ်းမရှိ ပကတိပင်
ဖြူဖြူစင်လျက် သန့်စင်လျက်။

-အမှောင်ပယ်ခွင်း အလင်းပေးရန်
ဖန်တီးလုပ်ဆောင် မားမတ်ထောင်စွ
ဖယောင်းတိုင်ငယ် ဤကြွေ
ဝင့်ထည်ပါပေ့ တင့်ပါလေ့။

www.burmeseclassic.com

www.burmeseclassic.com



## ၁၃။ မြေတိုချစ်ရင် တီဖြစ်တယ်

**လောကီရေး**

လောကီရေးကို ကောင်းအောင် ပြုလုပ်ရာ၌ တစ်ယောက် နှစ်ယောက်မျှ လုပ်ရန်မကောင်း၊ အများလုပ်မှကောင်းသည်။ လောကုတ္တရာ ခပ်သိမ်းကို ရအောင်ပြုလုပ်လျှင်ကား တစ်ယောက် တည်း ပြုလုပ်မှ ကောင်းသည်။

ဦးဘိုးလှိုင်
(ယောမင်းကြီး)

လောကီရေး (ဝါ) လောကရေးမှာ ရှုပ်ထွေးလှသလို နက်နဲ ကျယ်ဝန်းလှတယ်။

ထို့အတူ လောကုတ္တရာရေးမှာလည်း ပြောမကုန်အောင် ကျယ်ပြောနက်ရှိုင်းလှပါတယ်။

ဒီနေရာမှာ လောကီရေး (ဝါ) လောကအရေးကို ဆွေးနွေး ချင်ပါတယ်။

လောကအရေးဆိုတာနဲ့ တဆက်တည်းမှာပဲ လူတွေအရေး (ဝါ) လူမှုပတ်ဝန်းကျင်အရေးပဲ ဖြစ်ရပါလိမ့်မယ်။



လူမှုပတ်ဝန်းကျင် အရေးဆိုတာ အင်မတန်မှ နက်နဲရှုပ် ထွေးလှပါတယ်။

လူမှုဆက်ဆံရေးဆိုတာလဲ တစ်ခါတစ်ခါ သိပ်ကို ခါးသီး မုန်းတီးစရာ ကောင်းလှပါတယ်။

တစ်ခါတစ်ခါ အင်မတန် ရွံရှာစရာ၊ ကြက်သီးမွေးညင်း ထစရာ၊ ကြောက်ဖို့ လန့်ဖို့ စိုးရွံ့ဖို့ထိ ကောင်းလှပါတယ်။

တစ်ခါတစ်ခါ အင်မတန်မှကိုပဲ ဒေါသဖြစ်စရာ စိတ်တိုစရာ ကောင်းလှပါတယ်။

တစ်ခါတလေမှာလည်း အင်မတန်ကိုပဲ သနားစရာ ကရုဏာ သက်စရာ ကောင်းလှပါတယ်။

ဒီတော့ ဆိုခဲ့တဲ့အတိုင်း လူမှုပတ်ဝန်းကျင်ဆိုတာ အဆိုးနဲ့ အကောင်း အကျိုးနဲ့အကြောင်း ဒွန်တွဲ လွန်ဆွဲ အားပြိုင်နေကြ တာမျိုးပဲ ဖြစ်တယ်။

မိမိတို့ဟာ အဲဒီထဲမှာ လှိုင်းပေါ်ကလှေပမာ ရှင်သန်ရပ်တည် ဖို့ရာ ကြိုးစားလှုပ်ရှားရင်း လိုရာလမ်းကို ဖြတ်သန်းကျော်လွှား သွားလာကြရာမှာပဲ ဖြစ်ပါတယ်။

ခရီးသွားတစ်ယောက်အတွက် ငွေရှိဖို့၊ စိတ်ရှည်ဖို့၊ ကြံ့ခိုင်ဖို့၊ စူးစမ်းဖို့၊ ပါးနပ်လိမ္မာဖို့ အန္တရာယ် ရန်စွယ်ကို ရှောင်ကွင်းရင်းနဲ့ မိတ်သစ်၊ ဆွေသစ်၊ အတွေ့အကြုံအသစ်တွေနဲ့ မိတ်ဖွဲ့ရင်းက၊

www.burmeseclassic.com

www.burmeseclassic.com



လောကခရီးကြမ်းကို ဖြတ်သန်းရင်း ရည်ရွယ်ပန်းတိုင် လှမ်းကိုင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

လူမှုဆက်ဆံရေးဟာ ပညာပါလှသလို လူမှုလူ့အဖွဲ့အစည်းနဲ့ လူမှုလောကအရေးဆိုတာလည်း နက်နဲ ကျယ်ဝန်း ဆန်းပြား လွန်းလှပါတယ်။

ကြည့်လေ... တိမ်မယောင်နဲ့ နက်တတ်တယ်၊ လွယ်မယောင်နဲ့ ခက်တတ်တယ်။

မိတ်ဆွေ ရန်သူ ကောင်းသူ ဆိုးသူ အတူတကွ ရောထွေးပါရင်း သွားလာနေကြရတဲ့ ခရီးစဉ်ပဲဖြစ်ပါတယ်။ ယုန်နဲ့အတူပြေး ခွေးနဲ့အတူလိုက်တွေပဲ ဖြစ်ပါတယ်။

အဲဒီထဲမှာ စာရေးသူ ယခုနေတိုင်တွေ့ကြုံနေရတဲ့ ရန်ကုန်မြို့ပြရဲ့ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုအကြောင်း တင်ပြလိုပါတယ်။

ရပ်ကွက်အကြောင်း (သို့မဟုတ်) လူမှုရေးအကြောင်းပဲ ဖြစ်ပါတယ်။

မဖွဲ့နွဲ့ဘဲ လိုရင်း တက်သုတ်ရေးပြရရင် သူတို့တွေဟာ သာမန် အောက်ခြေ အလုပ်သမားလူတန်းစားဆီက ဆင်းသက်လာခဲ့ကြသူ တွေပဲဖြစ်တယ်။

ဘဝစကားနဲ့ ပြောရရင် လူမှုဘဝမှာ အခြေခံ အကျဆုံး လူတန်းစားတွေဆီက ဆင်းသက်လာကြသူတွေပဲ ဖြစ်ပါတယ်။



တကယ် ရပ်ကွက်မှာနေပြီး သူတို့ပတ်ဝန်းကျင်ကို လေ့လာကြည့်တဲ့အခါမှာတော့ သူတို့ရဲ့ တကယ့်စိတ်နေစိတ်ထားတွေဟာ တစ်မျိုးတစ်ဘာသာ ဖြစ်နေကြပါတယ်။

ဆိုလိုတာက စိတ်ဓာတ်ဟာ သူတို့ဘဝလို အခြေခံ မကျပါ။ စိတ်ဓာတ်တွေဟာ မမှန်ကန်ပါ။

ဆိုလိုတာက အလုပ်သမားစိတ်ဓာတ် ပုံမှန်မဟုတ်ပါ။

သူတို့ဟာ လှုပ်ရှားရုန်းကန်မှုမရှိ၊ အလုပ်ကို လက်ကြောတင်းအောင် လုပ်လိုစိတ်မရှိ၊ ရပ်ကွက်အရေး၊ လူမှုရေးအပေါ် စူးစူးနစ်နစ် ထဲထဲဝင်ဝင် ပါဝင်ကူညီ အနစ်နာခံမှုမရှိ ဖြစ်နေတာ တွေ့ရတယ်။

ရပ်ကွက်လူကြီး တက်လုပ်တယ်ဆိုပါတော့၊ ဖြစ်ရမှာက ရပ်ရေး ရွာရေး ကောင်းရာမှန်ရာ လုပ်ဖို့ဖြစ်ရပါမယ်။

သို့သော် သူတို့က ဒီလိုမဟုတ်ဘူး၊ ဒါကို အကြောင်းပြုပြီး ရပ်တည် စားသောက်ဖို့ လုပ်တာမျိုး ဖြစ်နေတယ်။

ဒီထက်ဆိုရရင် အများအတွက် လုပ်တာမျိုးမဟုတ်ဘဲ၊ တခြား အလုပ် မလုပ်ချင်လို့၊ တစ်နေရာမှာ အလုပ်ထွက်လုပ်ရမှာ ပျင်းလို့၊ အနီးအနား မိမိဝန်းကျင်မှာ ရှာကြံစားသောက်လို့ရတဲ့ အနေမျိုးပဲ ဖြစ်ပါတယ်။

ဒါမှမဟုတ် မကောင်းမှုကို ဖုံးကွယ်ဖို့လည်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ လုပ်နေကြတာ တွေ့ရပါတယ်၊ အများစုမှာ အလုပ်မလုပ်ကြပါ။

သက်ဆိုင်ရာက သူတို့အတွက် အခွင့်အရေး ခံစားခွင့်ပေးထားတဲ့ အခန်းလေးကို ငှားရမ်းရောင်းချ စားသောက်ဖို့ကိုပဲ အများစုက ကြိုးစားနေတာ တွေ့ရတယ်။

တစ်ယောက်နဲ့တစ်ယောက် အားပေးဝေဖန်ကြမှု၊ ဝေဖန်ထောက်ပြကြမှု မရှိကြဘဲ ကျိုးကန်းတွေရဲ့ စရိုက်သဘာဝပမာ ဟုတ်ဟုတ် မဟုတ်ဟုတ် ဒေသစွဲ အရပ်စွဲကို အကြောင်းပြုပြီး ဒေသခံထက် စိမ်းသူအပေါ်မှာ ခွဲခြားဆက်ဆံ တုန့်ပြန်မှု စိမ်းကားကြတာ တွေ့ရတယ်။ အမြင်ကျဉ်းလှတယ်။

တခြား ပညာရှာကြံမှု၊ စီးပွားရှာကြံမှုလည်း မတွေ့ရပါ။

ဥစ္စာမရှိလို့၊ စာပေ မသင်ကြားနိုင်လို့၊ မသင်ကြားနိုင်တဲ့ လက္ခဏာမျိုး မဟုတ်ပါ။

သင်ရကောင်းမှန်းမသိ၊ သင်လိုစိတ်မရှိ၊ သင်တဲ့အလေ့အထ မရှိတဲ့ အနေအထားမျိုးပဲ ဖြစ်ပါတယ်။

သူတို့ချင်း ဘုတ်ကိုကျီးမြှောက်၊ကျီးကိုဘုတ်မြှောက် အတူတူနဲ့ အနူနူ ရှိနေကြပေမဲ့၊ တကယ့် ပညာရှိသူ လေးစားလောက်သူကို မှီခိုချဉ်းကပ်မှု၊ အလေးထား အရာလုပ်မှုမျိုးကိုလည်း မတွေ့ရဘူး။



အများစုက ပွဲမတိုး၊ စကားဟလိုက်ရင် မရှိကြောင်း၊ မသိကြောင်းပဲ ပြောတတ်ကြတယ်။

မိမိပတ်ဝန်းကျင်ရဲ့ တခြားတည်နေရာအကြောင်းကို သူတို့ မသိ၊ သိရကောင်းမှန်းမသိ၊ စိတ်မဝင်စား။

တချို့တာဝန်ကျေ အလုပ်ဆင်းတယ်။ အလုပ်မှာမီးပျက်တယ်။ တခြားအလုပ် သူတို့လိုက်လုပ်တာ မတွေ့ရ။ မိမိနေရာကို ပြန်လာပြီး လမ်းမပေါ်မှာ အပျော်အပါး လောင်းကစားနဲ့ ဆော့ ကစားမှု တစ်ခုခု လာလုပ်နေတတ်ကြတယ်။

အလုပ်တစ်ခု မရှိရင် နောက်တစ်ခု အလုပ်လုပ်ဖို့ စိတ်ကူးတာမျိုး မတွေ့ရဘူး။

တစ်ယောက်နဲ့ပေါင်းသင်းလို့ အဆင်မပြေရင်၊ နောက်မိတ်ဆွေအသစ် တစ်ယောက်ရှာပြီး ပေါင်းသင်းဖို့လည်း ကြိုးစားတာမျိုးကို မတွေ့ရဘူး။

ခေတ်စကားနဲ့ပြောရရင် အိုယောင်ဝါးတွေ ဖြစ်နေကြတယ်။

အိုယောင်ဝါးတွေ လုပ်စားနေကြတယ်။ ရပ်ရေးရွာရေး အကြောင်းပြု၊ သာရေးနာရေး အကြောင်းပြု၊ ဘုရားရေး တရားရေး၊ လမ်းလုပ်တာလေး အကြောင်းပြုရင်းက မသာအသုဘ အထိကို ပျော်ပွဲရွှင်ပွဲ လောင်းကစားပွဲအဖြစ် ဖန်တီးလုပ်ပစ် နေတာ တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒူးနေရာဒူး၊ တော်နေရာတော် ဆိုတာလဲ သိပုံမရ။ သိလည်း မသိ။ သူတို့ကမ္ဘာ ကျဉ်းကျဉ်းလေးမှာ သူတို့ဝါသနာ စရိုက် လက္ခဏာနဲ့ သူတို့ဘာသာ ဖန်တီးနေကြတာတွေ့ရတယ်။

ဘေးလူအမြင်မှာ သူတို့ဟာ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ရေအလျဉ်တစ်ခုဘေးမှာ မြောင်းပုပ်မြောင်းဆွေး ရေအိုင်ငယ်လေးတစ်ခု အိုင်ထွန်းချောင်ကပ်နေတာနဲ့ တူလှတယ်။

ဆိုခဲ့တဲ့အတိုင်း အလုပ်မလုပ်တော့ ငွေကြေးမချောင်လည်၊ အပေါင်းအသင်းမရှိတော့ ဘဝမှာ လမ်းသစ်ရှာထိုးဖောက်မှု လမ်းစ မရှာနိုင်။

သည်တော့ ဒုစရိုက်မှုတွေ ထူပြော၊ လူမှုရေးတွေရှုပ်ထွေး၊ လိင်ကိစ္စတွေရှုပ်ထွေး၊ အရွယ်မရောက် လင်ယူသားမွေး၊ လင်ကွဲ မယားကွဲ၊ ကလေးတွဲလောင်း ဗိုက်ကြီးတွေတဖောင်းဖောင်း၊ မြင် မကောင်းရှုမကောင်းနဲ့၊သူတို့များဟာ အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ လမ်းသွားနေသူတွေပမာ၊ တွေးကြည့်ရင် ရင်မောစရာဖြစ် ပါတယ်။

စကားပြောကြည့်ရင် မသိတာ မရှိတာကစမယ်။ အများစုက အဓိကနဲ့သာမည၊ ရှက်ရမှာနဲ့မရှက်ရမှာကို နားလည်မှုစံလွဲနေတာ တွေ့ရတယ်။

ဆိုလိုတာက မကောင်းတဲ့မိန်းမတစ်ယောက်အိမ်ကို သူစိမ်း



ကဝင်လာတဲ့အခါ လူငယ်လူရွယ်တွေ အခကြေးငွေယူပြီး လိုက်လှဲ ပျူငှာ လိုက်ပို့တယ်။

ဒါဟာ ရှက်စရာကောင်းမှန်း သူတို့ သိချင်မှသိမယ်။

ဒီလိုလုပ်တာ ရှက်စရာကောင်းကြောင်း၊မသင့်တော်ကြောင်း လည်း တခြားလူတွေက အမူအယာအရ ဆန္ဒအရ ထုတ်ဖော် ဖွင့်ဟပြတာ မတွေ့ရ။

မကောင်းမှု လုပ်စားတဲ့ အိမ်ကို ဝိုင်းကြဉ်ရမယ့်အစား ယင်းအိမ်ကိုဝင်ထွက်ရင်း အားပေးထောက်ကူ ပြုနေကြတာမျိုး ဖြစ်နေတယ်။

မယုံမရှိကြနဲ့။ တကယ့်လက်တွေ့ဘဝပါ။

တကယ်ပါ။

သူတို့က အနာတစ်ခုဟာ မကုသတဲ့အခါ အထဲမှာ ပြည်တည် လှိုက်စားနေတဲ့ပမာ၊ ပတ်ဝန်းကျင်မှာ လူမှုရေး လိင်ရှုပ်ထွေးမှု တွေနဲ့ လူမှုရေးအဝဝတွေ၊ ရှုပ်ထွေးမှုတွေ ဝိုင်းလည်ပြည့်မွမ်းနေ ကြတော့၊ သူ့အိမ်ထောင် ကိုယ့်အိမ်ထောင် စည်းမရှောင်မှုတွေ၊ ပထမအရွယ်မှာ ပညာမရှာဘဲ အိမ်ထောင်သားမွေးပြုနေတာတွေ နဲ့ တင်းကျမ်းပြည့်နေတယ်။

လောကကြီးမှာ ပုံစံမကျ၊ သဘာဝမကျဘဲ တံခါးဖွားခေါက် တဲ့လူတွေပမာသူတို့တွေမှာလုံးချာလိုက်ရင်းသာနေကြတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နေရာကျဉ်းကျဉ်းလေးမှာ၊ အမြင်ကျဉ်းကျဉ်းလေးကြားမှာ လူဦးရေတွေက များသထက် များလာတယ်။

လူဦးရေများလို့ လူစုခွဲ အလုပ်လုပ်ကြသလား၊ မလုပ်ပါ။ မခွဲပါ၊ စုစက်နေထိုင်ရင်း လျှောက်ပြန်သံပေး၊ ဖင်ပြန်ခေါင်းပြန် ကြဲဖန်နေကြရင်းက ဘဝမှာ ကိုယ့်ကြိုးကိုယ်ဖြေ မရ၊ သပွတ်အူ လိုက်နေတာ တွေ့ရတယ်။

တော်ကြာ သတ်ကြပုတ်ကြ၊ တော်ကြာ ရယ်ကြမောကြ ဖြစ်နေကြတာ တွေ့ရတယ်။

ကျယ်ပြောတဲ့ စကြဝဠာ ကမ္ဘာလောကကို သူတို့တွေက ကျဉ်းကျဉ်းတဲကလေးပုံစံနဲ့ မှေးအိပ်လို့နေကြတယ်။

စွန့်စားရကောင်းမှန်းမသိ၊ လူစုခွဲကာ ရေကြည်ရာမြက်နုရာ ရှာကြရမှန်းမသိ။

ကာမဘုံသား ဆုံလည်နွား ဆိုကြသည့်ပမာ သူတို့အဖြစ်မှာ ရင်မောစရာအတိပါ။

ဒါကို ဘယ်လိုကိုင်တွယ်ပြောဆိုရမလဲဆိုတာ၊ခုနေမှာ မလွယ်ပါ။ နဂိုရှိမှ နဂိုင်းထွက်ပမာ ကြက်ဥကို အပူပေးမှ ကြက်ကလေး ပေါက်မယ်၊ ကျောက်ခဲကို အပူပေးရင် ရင်ကွဲပြီး သေသွား နိုင်တယ်။ ပြုတ်မနူးသူ လူတစ်စုတွေ ရင်မောဖွယ်ပါ။

တကယ်တော့ ကမ္ဘာမြေဟာ အကျယ်ကြီးပါ။



အဲဒီအထဲမှာ အမြင်ကျဉ်းကျဉ်း၊ စိတ်နေကျဉ်းကျဉ်း၊ အုပ်စု ကျဉ်းကျဉ်းကလေး ဘောင်ခတ်ကာ မိမိကိုယ်ကို ဘာလို့များ အကျဉ်းချထားကြသလဲ။

ဒီဝန်းကျင်ထဲက ရုန်းထွက်လိုက်ကြရပါမယ်။

ထွက်ကြဖို့ ကောင်းပါတယ်ဆိုတာ။

သူတို့ခမျာ မသိကြပါ။

တစ်ရွာမပြောင်း၊ သူကောင်းမဖြစ်လို့ဆိုတာ။ ပြီးတော့ မြေကိုချစ်ရင် တီ(တီကောင်) ဖြစ်တတ်တယ်ဆိုတာ ရင်နာစရာ၊ ရှက်စရာပါ။

ဒါကို သူတို့ ဘယ်တော့ သိကြ၊ ရှက်ကြမှာလေလဲ။

www.burmeseclassic.com

www.burmeseclassic.com



၁၄။တချို့က ယုတ်မာကြတယ်မိတ်ဆွေ

-မကောင်းမှုကိုပြုသောသူသည်.....
ကောင်းကင်သမုဒ္ဒရာအလယ်၊
တောင်ခေါင်း၊ ကြိုက်ရာသို့ ခိုဝင်ပုန်းအောင်းသော်လဲ
မကောင်းမှုမှ မလွတ်နိုင်သည်သာတည်း၊
-အကြင်အရပ်၌ တည်နေသော်
မကောင်းမှုမှ လွတ်ရာ၏၊
ထိုအရပ်မျိုး မရှိသည်သာ.....

ဓမ္မပဒသံယောဇနဝတ္ထုဂါထာ(၁၂၇)မှ

ဒါပေမယ့် မကောင်းသူကတော့ ရှိနေကြတာပဲဗျာ၊ပတ်ဝန်းကျင်ဆိုတာလည်း ဆိုးကျိုးကိုရော ကောင်းကျိုးကိုပါ ပေးတတ်ပါတယ်။

ဒါဟာ အဓိကတော့ မိမိတို့ရဲ့ ပင်ကို စွမ်းရည်နဲ့လည်း ဆိုင်တတ်ပါတယ်။ ကိုယ်ကောင်းရင်ခေါင်းမရွေ့ဘူး ဆိုကြသလိုပဲ တိုက်ဖန်များရင် နဲ့တယ်ဆိုတာလည်း ရှိတာပဲလေ.....

အဓိကတော့ လူတစ်ယောက်ဟာ နေရာ ဒေသရဲ့ အခြေအလိုက်မှာပြုပြင်တိုးတက်ရွေ့လျောလိုက်ပါသွားနိုင်ရေးပဲ ဖြစ်ပါတယ်။

ကိုယ့်ရဲ့လူနေမှုက မြင့်လာတဲ့အခါ ကိုယ့်ရဲ့စိတ်နေစိတ်ထား အတွေးအခေါ် အမြော်အမြင်ကအစ လိုက်ပါမြင့်တက် ကျယ်ပြန့်လာဖို့လိုပါတယ်၊ ဘဝင်မြင့် အောက်ခြေလွတ်ဖို့တော့မဟုတ်ပါဘူး။



နဂိုက လူတစ်ယောက်နဲ့ဆက်ဆံရတယ်၊ ခု တစ်ရာနဲ့ဆက်ဆံလာရတဲ့အခါ ဟိုတစ်ယောက်တုန်းကနဲ့ ဆက်ဆံသလိုမျိုး ဆက်ဆံလို့ မရတော့ဘူး၊ အဲဒီတစ်ရာလုံးအပေါ်မှာလည်း ဟိုတစ်ယောက်တုန်းက ဆက်ဆံသလို နိုင်နင်းမျှတ ဆက်ဆံသွားတတ်ရမယ် ဆိုတာပဲ ဖြစ်ပါတယ်။

လူဟာ ဘဝလူနေမှုမြင့်လာတဲ့အခါ ရှိတတ်ပါတယ်။ အဲဒီလို အခါမျိုးမှာ လူဟာ ကျယ်စွာ ပြန့်စွာ လိုက်ပါဖြန့်ကျက် ကျယ်ပြန့်လာနိုင်ကြရပါလိမ့်မယ်။

ဒီလိုမှမဟုတ်ရင် ရှိတဲ့စည်းစိမ်ပဲဖြစ်ဖြစ်၊ အောင်မြင်မှုပဲဖြစ်ဖြစ်၊ ရေရှည်တည်တံ့ ခိုင်ခံ့နိုင်စရာ အကြောင်းမရှိပါဘူး၊ ပျက်စီးဆုံးရှုံး နစ်မွန်းသွားရမှာ ဓမ္မတာပဲဖြစ်ပါတယ်။

လူဟာ အခြေအနေအချိန်အခါအလိုက် လိုက်ပါပြောင်းလဲနိုင်ဖို့က အရေးကြီးလှပါတယ်၊ ဒါဟာ ပေါ်ပင်လိုက်ဖို့ကို ပြောတာ မဟုတ်ပါဘူး၊ အမေကျော် ဒွေးဒေါ်လွမ်းဖို့ ပြောတာမဟုတ်ပါဘူး၊ ငါးစိမ်းမြင် ငါးကင်ပစ်ဖို့ ပြောတာမဟုတ်ပါဘူး၊ ကာလ ဒေသ ပယောဂ အခြေအနေနဲ့ လိုက်ပါရောနှော ပျော်ရွှင်နေထိုင်ကာ ခေတ်မီဖြတ်သန်း လမ်းသစ်နိုင်ဖို့ကို ဆိုလိုတာပဲဖြစ်ပါတယ်။

ဒါဟာ ဘဝမှာ ပုံသေသတ်မှတ်လို့မရပါဘူး၊တနည်းသေသဘော ပြောဆိုသတ်မှတ်လို့မရပါဘူး။ မိမိပါးနပ်မှုနဲ့ ပတ်ဝန်းကျင် ရောင်ပြန်ဟပ်မှုအပေါ် ဖြတ်ကျော်ရင်ဆိုင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူအများစုဆိုတာ စရိုက်အမျိုးမျိုးရှိတတ်ကြပါတယ်။ ပတ်ဝန်းကျင်တစ်ခုကိုတစ်ပုံစံတည်းတသမတ်တည်းဆုံးဖြတ်ချက်ချ ပြောဆိုသတ်မှတ် မှတ်ချက်ချလို့ မရတတ်ပါဘူး။

ပတ်ဝန်းကျင်ဆိုတာ ကောင်းသူရှိသလိုပဲ ဆိုးသူလည်းရှိကြမှာပဲ။ အဲဒါကို မကောင်းသူတစ်ယောက်ကြောင့် အားလုံးကို အချဉ်ပေါက်ပြီးတော့ မကောင်းသူတွေလို ဆက်ဆံမိရင် အဲဒီ ပတ်ဝန်းကျင်ရဲ့ ဒဏ်ပြန်အာခံ မုန်းတီးမစ်ပယ်မှုကို မိမိပါ အလိုလို ခံရပြီးသား ဖြစ်သွားနိုင်ပါလိမ့်မယ်။

ထို့အတူပဲ၊ ကိုယ့်စိတ်နဲ့တွေ့သူ ကြည်ဖြူသူတစ်ယောက်ကြောင့် အားလုံးသောလူ အတူတူလို့ သဘောထား ဆက်ဆံမိရင်လဲ အမှားကြီးမှားတတ်ပြန်ပါတယ်။ မလိုမုန်းထားသူ၊ နောက်ကောက်ချသူ၊ ညစ်ပတ်သူနဲ့ တွေ့တဲ့အခါ ဟက်တက်ကွဲ အထိနာရတတ် ပါတယ်။

ဒီလိုပဲ မိမိတို့ရဲ့ဘဝမှာ မိသားစုဆိုတာလဲ ရှိကြလေတော့ကာ မိမိဘယ်လောက် ကောင်းကောင်းမွန်မွန် မှန်မှန်၊ မိမိတို့ရဲ့ မိသားစုထဲက တစ်ယောက်ယောက် အမှား၊ တစ်ယောက်ယောက်ရဲ့ အားနည်းချက်နဲ့ လစ်ဟာချက်ကြောင့်၊အမှောင့်ထိုးနှက်ဝင်ရောက်လာတဲ့အခါ အမနှာင့်အယှက်ပယောဂ ပူးဝင်မှုဆိုတာလည်း ရှိလာတတ် ကြပါတယ်၊ မလွယ်ပါ။

အဲဒီအခါ ဘယ်သူ့အပြစ်ပြရပါ့မလဲ၊ မလွယ်ဘူး၊ ပြီးတော့ လူမှာ ကံအကြောင်းတရားဆိုတာလည်း ရှိတယ်၊ ဆိုးတာရော



ကောင်းတာပါပေါ့၊ သတိထားပြုမူ ဆင်ခြင်ဖွယ်တွေချည်းပါ။

ဒါပေမယ့်တစ်ခုရှိတာကလူ့ဘဝဆိုတာကတော့ "သင်ရယ်မောတဲ့အခါ အားလုံးလိုက်ပါရယ်မောကြပြီး၊ သင်ငိုတဲ့အခါ ဘယ်သူမှ လိုက်ပါ မငိုကြဘူး" ရယ်ဆိုတဲ့စကားပုံ ဥပမာတစ်ခုလိုပဲ၊ လူအများဟာ သာတဲ့အခါ လာကြတယ်ဆိုတာ လူ့ဓမ္မတာပါပဲ၊ မသာတဲ့အခါ မလာချင်ကြဘူးဆိုတာလဲ လူ့ဓမ္မတာပဲဖြစ်ပါတယ်၊ ဒါကို သတိထားကြရပါမယ်။

ဒါ့ထက်ဆိုးတာကတော့ မကူညီချင်နေ မနှောင့်ယှက်ပါနဲ့ ဆိုကြသလိုပဲ၊တချို့တွေဟာ မိမိတို့မှာ အခက်အခဲအကျပ်အတည်း ဘေးဒုက္ခနဲ့ကြုံတွေ့ဖနရတဲ့အခါ မကူညီချင်နေပါ၊ ဒါပေမယ့် ရေနစ်သူ ဝါးကူထိုးတဲ့ပမာ လုပ်ဆောင်တတ်ကြတာတွေလည်း ရှိပါတယ်။ အမနာပ ပြောမယ်၊ ပျက်ရယ် ပြုမယ်၊ ဒါ့ထက်မက မိတ်ဆွေ စစ်စစ်က ပြိုင်ဘက်ပမာ ဝမ်းသာအားရ ပြုမူပြလာတတ်တာတွေ ရှိမယ်၊ ရှိတတ်တယ်ဆိုတာပါပဲ။

မိမိတို့ဟာအသိတရားရှိထားကြဖို့လိုပါတယ်၊ အရေးအကြောင်းရှိတဲ့အခါ၊ အထူးသဖြင့် မိသားစုမှာ ဘေးဒုက္ခ တစ်ခုခုနဲ့ ကြုံတွေ့ရတဲ့အခါ အထူးသိသာလှပါတယ်။ အဲဒီအခါမှာ လူတွေအကြောင်း၊ ပတ်ဝန်းကျင်အကြောင်း ကောင်းကောင်းသိလာကြရပါတယ်။ ပတ်ဝန်းကျင်ရဲ့ဇာတိစိတ်တွေဟာအကုန်ပေါ်လာတတ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် လောဘဇောဟ အတ္တဇောတွေ ပေါ်လာတတ်ကြတယ်၊ ကယ်တင်ရှင်က စောင်မမှုတွေ ပေါ်လာတတ်ကြတယ် ဆိုတာပါပဲ။

တချို့ကတစ်ဦးချင်း၊တချို့က မိသားစုအလိုက်၊ဖြားယောင်းသွေးဆောင် ထောင်ချောက်ဆင် ပိုက်စိပ်တိုက်ကြပါတော့တယ်။ ကိုယ့်အိတ်ကိုယ်ဖိတ်ဖြစ်အောင် လုပ်ဆောင်ကြဲဆောင်တတ်ကြပါတော့တယ်။

လူမှုရေးစီးပွားရေးတွေမှာ ချယ်လှယ်လွှမ်းမိုးဖို့ ကြိုးစားသပ်ဝင်လျှိုလာတတ်ကြပါတယ်။ အတ္တစိတ်တွေနဲ့အတူ ယှိုသူမရှက် မြင်သူရှက်ပမာ၊မရှက်မကြောက် မတန်မရာ ပါဝင်ပတ်သက်ကာ လိပ်လိုပဲ ယက်လာတတ်ကြတာ တွေ့ရပါလိမ့်မယ်။

နဂိုက ဘာမှမရှိသူတွေဟာ၊ ရောင်တော်ပြန်နဲ့ရောလွှတ်ကာ စိန်နားကပ်အရောင်ကြောင့် ပါးပြောင်ဖို့ ကြိုးစားလာတတ်ကြတယ်၊ တကယ်တော့ သူတို့မှာ ဘာဆိုဘာမှ မရှိပါ။ မိမိမှာ မရှိတာကို သူများဥစ္စာနဲ့ ဖာထေးဖြည့်စွက်ဖို့ ကြိုးစားကြပါတော့တယ်၊ အဲဒီလိုပဲ၊ ရယ်ဖွယ်လုပ်ရပ် ရှက်ဖွယ်လုပ်ရပ်တွေ လုပ်တတ်သူ တွေဟာ ရှိကြတာပါပဲလေ။

အဲဒီအခါ မိတ်ဆွေဘယ်သူ၊ ရန်သူဘယ်ဝါဆိုတာ ကွဲပြားခွဲခြား သိသာပြီးလာပါတော့တယ်၊ ဘယ်လောက် အရှက်နည်းတယ်၊ အောက်တန်းကျ စိတ်ဓာတ်တွေ၊ဘယ်လောက်ထိ နိမ့်ပါးတယ်ဆိုတာ ပေါ်လာကြတော့တယ်၊ တချို့တွေက



တစ်ယောက်ချင်း၊ တချို့ တွေက တစ်မိသားစုလုံးတွေ၊ အဲဒီအခါမှာ သူတို့အားလုံးတွေဟာ အတူတူနဲ့ အနူနူတွေ ဖြစ်နေတတ်ကြတာတွေလဲ ရှိတတ်တယ်။

မိမိလုပ်အား ဉာဏ်အား ဘာမှမရှိ၊ လူတွေ ရယ်ဖွယ်လောက၊ရှက်ဖွယ်လောက၊ ဝမရှိပဲ ဝိလုပ်ဖို့ ကြိုးစားကြတာလဲ ဒုနဲ့ဒေး ရှိတတ်တယ်၊ စိတ်ဓာတ်တွေ အနေထားတွေဟာ အကျိုးစီးပွား ပေါ်မှာ၊ အခြေအနေ အချိန်အခါအရ၊ ချက်ချင်းပြောင်းလဲ ဖြစ်ပေါ်သွားတတ်ကြတယ်၊ မလွယ်ဘူး။

အဲဒီအခါမှာ ကျေးဇူးတရားဆိုတာတွေ၊ သနားငဲ့ညှာထောက် ထားကူညီခဲ့တယ်ဆိုတာတွေ၊ ဘာတွေညာတွေဆိုတာဟာ၊လောဘ အတ္တသမားအတွက်တာ၊ခုတော့ အခွင့်အခါပေးအပ်လာမှု သက်သက်လို့ တွက်ဆပြီးသား၊ ချက်ချင်းဖြစ်ချင်ဖြစ်သွားတတ်ပါတယ်၊ကြိုတင်ပြင်ဆင် ထားတာလည်း ဖြစ်ချင်ဖြစ်နေတတ်ပါတော့တယ်။

သူတို့ဟာ ဘာကိုမဆို လိုချင်တော့တာပါပဲ၊ သူတို့ဟာ ဘာကို မဆို လက်မလွှတ်လိုကြတော့ပါဘူး၊ အစီးအပွားပါမက၊ ခုတော့ သားရရ သမီးရရ၊ တူမရရ တူရရ၊ ဘယ်သူ့ကိုပဲရရ၊ ရတဲ့နည်းနဲ့ ယူမယ်၊ ကြံမယ်၊ ဒါဟာ အခွင့်အရေးပဲ၊ အခြေအနေပေးပဲ မဟုတ်လား။ သူတို့အားလုံးအတွက် လူတန်းစား တန်းညီရေးအတွက်ပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



**လောကမှာ၊ စောက်ပြန်တဲ့ လောဘ**သားတွေဟာ အကျိုးစီးပွားအတွက် ကိုလိုနီနယ်ချဲ့၊ ပဒေသရာဇ်၊ ဧကရာဇ် အရေးကြီးခေတ်စနစ်တွေ ရှိခဲ့သလိုပဲ၊ **ယခုလဲ ဒီလိုပဲ၊ အ**ခြေအနေ အချိန်အခါအလိုက် သိုက်တူးဧကရာဇ်တွေအမြဲတစေ မလွဲမသွေ ရှိလို့နေတယ်၊ ကျင့်လို့နေတယ် ဆိုတာပါပဲ။

ဒါဟာ ချမ်းသာတဲ့သူ၊ ပညာတတ်တဲ့သူတွေထဲမှာချည်းပဲ ကောက်ကျစ်စဉ်းလဲတယ်ရယ် မဟုတ်ပါဘူး။ သာမန်အောက်ခြေလူတန်းစားထဲမှာလည်း ဒီလိုပဲ တတ်ယောင်ကားတွေ၊ လောဘသားလူတန်းစားတွေ ရှိကိုရှိတာပါပဲ၊ မယုံမရှိကြပါနဲ့၊ ကိုယ်နဲ့တန်တာ မတန်တာ မသိတာ၊ ကိုယ်နဲ့သင့်တာ မသင့်တာ မသိပါဘူး။

စိတ်ကူးယဉ်ကာ အခွင့်သာတာနဲ့ ကိုယ်ရလိုမှုတစ်ခုပေါ်မှာ ပြုမူကျင့်ကြံကြပါတော့တယ်၊ အဲဒီအခါမှာ တချို့ရပ်ကွက်တွေမှာ သူတို့တွေအခါတော်ပေးတွေ၊အောက်လမ်းဆရာတွေ၊အောက်လမ်းယတြာတွေနဲ့ ပူးတွဲပူးပေါင်းကြံစည်ကာ ဝင်လာတတ်ကြတယ်။ ဟုတ်တာ မဟုတ်တာ အပထား၊ အခြေအနေက ဖြစ်ရနေတော့ကာ • သူတို့ရဲ့လုပ်ဆောင်မှုအပေါ်မှာ ပေါ်ပေါက်ဖြစ်ထွန်းလာရပါတော့တယ်။

အရှက်မရှိ၊ အကြောက်မရှိ၊ ဘုရားမရှိ၊ တရားမရှိ၊ ငရဲမသိ၊ သံသရာမသိ၊ ဘာဆိုဘာမှ မသိ၊ တစ်ဘဝ တစ်ခဏစာသာသိ၊ မိစ္ဆာဒိဋ္ဌိတွေ တစ်ပုံတစ်မတွေလဲ ရှိတတ်ကြတယ်။



ဥစ္စာစောင့်၊ သိုက်၊နန်းထိုင်၊နန်းရံဘိုးတော်တွေ မယ်တော်တွေနဲ့၊ ဗေဒင်တွေ၊ ယတြာတွေနဲ့၊လိမ်လည်လှည့်စားမှုတွေ ပေါ့ဗျာ။

ဒီတော့ဘယ်မှာအရှက်လဲ၊ဘယ်မှာအကြောက်လဲ၊အောက်တန်းကျသူ လူတန်းစားတွေဆိုတာ ရှိတယ်။ ဒါဟာ ငွေကြေးချမ်းသာဆင်းရဲမှုနဲ့လည်း မဆိုင်ပါ၊ ပညာတတ်မတတ်နဲ့လည်း မဆိုင်ပါဘူး၊ အောက်တန်းစား စိတ်ထားနဲ့ အောက်တန်းကျ လူတန်းစား ဆိုတာ ရှိကြပါတယ်။ တချို့က ပိုက်ဆံချမ်းသာပြီး ပညာတတ်တယ်။ ဒါပေမယ့် စိတ်ဓာတ်က ယုတ်ညံ့အောက်တန်းကျတယ်။ ဒါပေမယ့် တော်သေးတယ်ဆိုရမယ်။

တချို့က ပိုက်ဆံလည်းမချမ်းသာ ပညာလဲမတတ်ပါ၊ဒါပေမယ့် အောက်တန်းက ပိုကျတယ်၊ ပိုယုတ်မာတယ်၊ ဒါက ပိုဆိုးတယ်။

မိမိတို့တွေဟာ ဒါမျိုးတွေနဲ့ တစ်နေ့မဟုတ် တစ်နေ့မှာ မကြုံမဟုတ် ကြုံကြရတတ်မှာပါပဲ၊ သတိထား ဆင်ခြင်ကြဖို့အရေးရေးသားတင်ပြရတာပဲ ဖြစ်ပါတယ်။

ဘာသာစကားအနေအထား၊ လူတန်းစားတွေမတူ ခြားနားတဲ့သဘောပါပဲလေ။

အထူးသဖြင့်ကတော့ မိမိတို့စာရေးဆရာ အနုပညာအသိုင်းအဝန်းကလူတွေ ဆင်ခြင်ကြဖို့ရာပဲဖြစ်တယ်၊ မိမိတို့တွေဟာ အများစုဟာစိတ်ထားနူးညံ့တတ်ကြပါတယ်၊အရာရာကိုအကောင်းမြင်ကာ ကိုယ်ချင်းစာ ညှာတာတတ်ကြပါတယ်။ လူတွေကို

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေး ရောဝင် ရင်းနှီးပေါင်းသင်းဆက်ဆံ တတ်ကြပါတယ်။ ဒါဟာ ယုတ်မာသူအတွက် အားသာချက်၊ ကောက်ကျစ်သူအတွက် အားသာချက်၊ တဖက်လူအတွက် ဝင်ခွင့်ရ ချည်းကပ်မှုအတွက် အဆောင်လက်နက်ပဲ ဖြစ်ပါတော့တယ်။

အနုပညာစာရေးသမားဖြစ်တဲ့ မိမိတို့ဟာ၊မိမိတို့က မုဆိုးဝတ္ထု တောလိုက်ဝတ္ထု ရေးရင်းက မိမိတို့ကိုယ်တိုင်က သားကောင်တွေ ဖြစ်နေ၊ အလိုက်ခံနေတတ်ကြတာမျိုး၊ မိမိတို့က ဝတ္ထုရေး ဇာတ်ကောင်တွေ မွေးရင်းက မိမိတို့ကိုယ်တိုင် ဇာတ်ကောင်ဘဝ ခံစား ကျရောက် ကပြ အသုံးတော်ခံနေတတ်ကြရတယ် ဆိုတာလဲ ရှိနေတတ်ကြတယ် ဆိုတာပါပဲလေ.....

အနုပညာသမားဘဝဟာ တစ်ခါတစ်နေ့ မိမိတို့တွေဟာ ကိုယ့်ကိုယ်ကို အထင်ကြီးတတ်ကြပါတယ်။ တခါတခါလဲ ယုံစားလွယ်တတ် ကြပါတယ်။တခါတခါလည်း တစ်ဖက်သား စကားကို ယုံလွယ်၊ခံစား၊ ဟုတ်တာ၊ မဟုတ်တာ ထား၊ ခံစား၊ ယုံစား၊ လွယ်တတ်ကြပါတယ်၊ ဒါဟာ အားလုံးရဲ့အားနည်းချက်ပါ။ ဒါကြောင့် တချို့က ဒီလူတန်းစားတွေကို ဒီလိုပဲ ပြောဆိုချဉ်းကပ်ပေါင်းသင်းရင် ရတယ်ဆိုတာ သိတယ်၊ ကြိုတင်သိထားနားလည်သဘောပေါက်ထားကြပါတယ်။

ဒါကို မိမိတို့ သတိထားကြဖို့ရာတွေပါပဲ၊ မိမိတို့တွေဟာ မိမိတို့ တစ်ယောက်တည်း နေထိုင်တယ်ဆိုရင် အကြောင်းမဟုတ်၊ မိမိတို့တွေဟာ မိမိတို့မိသားစုတွေ မိမိတို့အသိုင်းအဝန်းတွေနဲ့



ဆက်ဆံ ပေါင်းသင်းနေထိုင်ကြတဲ့ အခါမှာတော့ သိပ်ကို သတိထား ဆင်ခြင်ပြုမူကြဖို့ရာပါပဲ။

ဘဝမှာ အနီးကပ်ရန်သူတွေ၊ လူယုံဆိုသူတွေ၊ အတွင်းစည်းတွေထဲက၊အသွေးထဲအသားထဲ မိမိတို့နဲ့မတူ သွေး၊ဖောက်ပြန်တဲ့ သွေးအမှောင့်သွေးတွေခန္ဓာထဲရောဝင်စီးမျောခံရတဲ့အခါအင့်မဘန်မှုကိုပဲ ဘဝဟာ အသည်းနာစရာကောင်းလှပါတယ်။

လူရဲ့စိတ်နေတွေ အခြေအနေတွေဟာ ပြောင်းလဲမြန်ဆန်လွန်းပါတယ်။ ခေတ်ကာလအခြေအနေပေး ခဏလေးတွေမှာ၊ တစ်ခါတည်း ပြောင်းလွဲသွားတတ် ကြတယ်ဆိုတာ မယုံနိုင်စရာတွေပါ၊ ဒါပေမယ့် မယုံမရှိကြနဲ့ ဆိုတာပါပဲ၊ တကယ်တော့ ဒါဟာ နိယာမပါ၊ ဖြစ်တတ်တာ ပျက်တတ်တာ မမြဲတာသဘာဝရဲ့ သဘောပါပဲ။

လူ့ဘဝလူ့လောကဆိုတာတစ်ခါတစ်ခါရယ်စရာ၊တစ်ခါတစ်ခါ ပျော်စရာ၊ တစ်ခါတစ်ခါ ရင်နာစရာ၊ တစ်ခါတစ်ခါ အံ့သြစရာ၊ လှို့ဝှက်တာ ၊ဆန်းကြယ်တာ၊ သည်းထိတ်တာ၊ရင်ဖိုတာ၊ ဂမ္ဘီရကမ္ဘာ တပုံတပင်ပါ။

ဒါပေမယ့် မိမိတို့မှာ၊ကိုယ်ခန္ဓာမှာ ခြောင့်စူးခံရတတ်တာတွေ ရှိတတ်ပါတယ်။ ခြောင့်တောကိုနင်းမိလို့ ခြောင့်စူးခံရတဲ့အခါ ပြဿနာမရှိပေမယ့်၊ ဂွမ်းပုံထင်လို့နင်းမိပေမယ့် ဂွမ်းပုံထဲမှာဆူးဝင်နေလို့ အစူးခံရတဲ့အခါ ဘယ်လောက်များ အသည်းနာစရာ ကောင်းလိုက်ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာ မိမိတို့ဆင်ခြင်ကြဖို့ရာ၊ သတိထားကြဖို့ရာ၊ အထူးသဖြင့် မိမိကိုယ်ကို အထင်မကြီးကြဖို့ရာပါပဲ။

လောကကြီးကိုပုံ ယုံစားမလွယ်မိ ကြဖို့ရာပါပဲ၊ တစ်ဖက်သား အချော့မှာ စိတ်နေမပျော့ဘဲ အသည်းမာကြောကြဖို့ပါပဲ၊ စိတ်ဓာတ် ကြံ့ခိုင်ကြဖို့ပါပဲ။

ဘာလို့ဆို မိမိတို့တွေဟာ ပျော့ပျောင်းညင်သာချဉ်းကပ်လာတဲ့အခါ၊ မိမိတို့ကိုယ်ကိုအခုခံမလုပ်ပါပဲ၊ ရန်သူတွေရဲ့ သတ်ကွင်း စက်ကွင်းထဲ ဒက်ခနဲ ဝင်မိတတ်ကြတယ်ဆိုတာပါပဲ။

အဲဒီအခါမှာ လက်လွန်ခြေလွန်တွေဖြစ်၊ နုတ်မရမြုမရ လှည့် စားသူတစ်ဖက်ရန်သူရဲ့ လက်ဦးမှုကို ခံစားလိုက်ရပါတော့တယ်။

အဲဒီအခါ အပ်နဲ့ထွင်းရမယ့်အရေးဟာ၊ ကာကွယ်တားဆီး ရုံမျှနဲ့ လုံလောက်ရမယ့်အရေးဟာ၊တစ်ခါတည်း အသွေးအသားထဲ ဝင်ရောက်ဖောက်ထုတ်မရ၊ ပြုမရ၊ ဘဝပျက်ရတဲ့ အခြေတွေ အထိ တိုင်သွားနိုင်မယ်၊ တိုင်သွားနိုင်တယ်ဆိုတာ အပုံပါပဲ။

အထူးသဖြင့် သဘာဝချင်းမတူသူ၊ စရိုက်ချင်း မတူသူတွေ ကြားမှာ ယုံစားမှု မလွန်ကဲမိဖို့ပါပဲ။

တချို့က စိတ်ဓာတ်အောက်တန်းကျတယ်၊ အောက်တန်း စားတွေလို့ မိမိတို့ သတ်မှတ်ထားသူတွေဟာ၊ တစ်ခါတစ်ခါ မိမိတို့ ထင်ထားတာထက်မက၊ ငို့ဘ အတ္တသမားတွေ အများကြီးဖြစ်၊ စိတ်ဓာတ်တွေ အောက်တန်းကျနေတတ်တယ် ဆိုတာပါပဲ။

အနေအထားမတူတဲ့ ပတ်ဝန်းကျင်ကြား၊ အထူးသဖြင့်



မိမိတို့ မိသားစုထဲမှာ၊မိန်းကလေးတွေ မိန်းမသားတွေပါနေခဲ့ရင် သာပြီးတော့ သတိထား၊သွားလာသင့်ကြပါတယ်ဆိုတာပါပဲ. . .

မိန်းမသားတွေ၊ သူတို့တွေရဲ့နှလုံးသားတံခါး၊ စိတ်ထားနူးညံ့ တံခါးပေါက်ကကျရောက်စီးဝင်လာတတ်တဲ့မြားမိသားစုအတွက်မှာ အန္တရာယ်၊ ရန်စွယ်တွေ ဗရပွ၊ ဒုက္ခ အနမတဂ္ဂ ကျရောက်ရေးသာ ဆိုတာပါပဲ။

စရိုက်ပျက်တဲ့ ပတ်ဝန်းကျင်မှာ၊ မိမိတို့ဘက်က စရိုက်က ပျက်နေခဲ့ရင်တော့ ဘာပဲဖြစ်ဖြစ် အတူတူနဲ့အနူနူမှာ ပြဿနာ မရှိ ပါဘူး။ အဲသလိုမဟုတ်ရင်တော့ တကယ့်ပြဿနာပါပဲ။

အထူးသဖြင့်ကတော့ ချစ်ဟန်ဆောင်တဲ့မိတ်ဆွေတွေပါ၊ အဲဒီထဲမှာ ဗေဒင် ဘာ ညာနဲ့ ဖြားယောင်းတာပါမယ်၊ သိုက် ဘာညာနဲ့ ဖြားယောင်းတာပါမယ်၊ဘိုးတော်ဘာညာနဲ့ ဖြားယောင်း တာပါမယ်။

ဒါမှမဟုတ်ရင်၊ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ကြားအောင် ဘုရားစာရွတ်၊ တကယ်တော့ တရားလက်လွတ်တွေ၊ အန္တရာယ် ရန်စွယ်တွေ၊ ဖြားယောင်းသွေးဆောင်မှုတွေကြားမှာ၊ တကယ့် ရိုးသား ကြိုးစား ဖြူစင်နှလုံးသား ရှိထားသူများ မိသားစုတွေဟာ တကယ့် အန္တရာယ်ပါ၊ သားကောင်ပါပဲ။

ဒါနဲ့ ပျက်စီးသွားခဲ့ကြတဲ့သူတွေ၊ဖျက်ဆီး ဖြားယောင်းခံရ သူတွေ၊မိသားစုတွေ၊ဗရပွေ ရှိခဲ့တယ်၊ ရှိနေတယ်ဆိုတဲ့ကြားမှာ၊ မိမိတို့ဟာ ဘာကောင်တွေမို့ ရှောင်နိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီလိုဒီလိုတွေ ရှိနေတယ်၊ ရှိတတ်တယ်၊ အယုတ်တမာလူသားတွေ ရှိတတ်တယ်၊ လုပ်တတ်တယ်၊ ကိုင်တတ်တယ်၊ ပြုတတ်တယ်၊ စားတတ်တယ်၊ ညာတတ်တယ်၊ ဝါးတတ်တယ် ဆိုတဲ့ သဘောသကာတွေ မလွဲမသွေ ရှိနေတတ်တယ်၊ ရှိကြတယ် ဆိုတာ ထာဝရ သိထား၊ သတိထား၊ သွားလာပြုပြင် ဆင်ခြင်နေကြစေဖို့ရာ သတိပေး ဖော်ကောင်လုပ်လိုက်ရတာပဲ ဖြစ်ပါတယ်။

ဆရာဝင်းထွဋ်ဇော်ကတော့ လမ်းငွေ့နှ်(Language) မတူတဲ့ ပြဿနာ ရေးခဲ့ပါတယ်၊ မိမိရေးလိုတာကတော့ လောကဟာ ဆန်းကြယ်တယ်၊ ကျေးဇူးရှိမှ ကျေးစွပ်တယ်၊ ထမင်းကျွေးလက်ခွေးကိုက်တယ်၊ လူတချို့ဟာ လူမဟုတ်ပါ၊ သိပ်ယုတ်မာကြ၊ အောက်တန်းကျတယ် ဆိုတာထက် ယုတ်မာပက်စက်ကြ၊ အောက်တန်းကျလှတယ် ဆိုတာပါ။ အံ့စရာရယ်။

## ၁၅။ သနားစဖွယ် လူသားတွေ

"စိတ်တို့မည်သည် ညစ်မည်ဆိုလျှင် ညစ်သည်ထက် တိုး၍တိုး၍ ညစ်ညစ်လာတတ်ပြီးလျှင်၊ မညစ်တော့ဘူးဆိုလျှင် တစ်နေ့တခြား အညစ်ပြေ၍ပြေ၍ သွားမြဲ ဖြစ်တတ်သည်"

(သခင်ဘသောင်း)



စာရေးသူဟာ ရန်ကုန်မြို့လယ်ခေါင်က ကော်လံဖြူ လူတန်းစား၊လူ့လတ်တန်းစား အိမ်တစ်အိမ်မှာ အိမ်ငှားအဖြစ် အကြာကြီးနေခဲ့ဖူးပါတယ်။

ဒါကို ဘာလို့ ပြောရသလဲ ဆိုတော့၊ ခုနက ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးက လူတန်းစားတွေရဲ့ ဘဝနဲ့ နှိုင်းယှဉ်ကြည့်ကြဖို့ပဲ ဖြစ်ပါတယ်။

အဲဒီအိမ်ပါမက အဲဒီလမ်း၊ အဲဒီဝန်းကျင် အကြောင်းပါ တစေ့တစောင်း သုံးသပ်တင်ပြမှုလဲ ပါချင်ပါမယ် ဖြစ်ပါတယ်။

ဒါကတော့ တစ်ဖက်သားအပေါ်မှာ အဆိုးမြင် သက်သက် ထိုးနှက်တိုက်ခိုက်လိုလို့ မဟုတ်ပါ။

ဒါကြောင့် ယေဘုယျသဘော တင်ပြထားပြီး အမည်နာမ မဖော်ပြတာပဲ ဖြစ်ပါတယ်။

လိုရင်းရေးရရင် စာရေးသူ အဲဒီအိမ်မှာ အိမ်ငှားအဖြစ် နေခဲ့ရပါတယ်။

အင်မတန် စိတ်ညစ်ခဲ့ရတယ်။

အဲဒီစိတ်ညစ်ဒဏ်ကို လူးလိမ့်ခံ ကျော်လွှားခဲ့ရတယ်။

စိတ်ဝင်စားဖို့လည်း ကောင်းလှတယ်။ တစ်နေ့တစ်မျိုး မရိုးနိုင်တဲ့ အခန်းဆက် ပြဇာတ်ရှည်ကြီးတစ်ပုဒ် ကပြနေတာကို ကြည့်နေရသလိုပါ။

ရယ်စရာနဲ့ ဒေါ်ဂလီဆန်စရာ ကောင်းလွန်းလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ အသိတရားမရှိသူတွေလို့လဲ ပြောလို့မရပါ။ရုပ်ရှင်ထဲက သရုပ်ဆောင်များပမာ အားလုံးကုန် လူမှု ဆက်ဆံရေးကို ကျမ်းကျေတတ်ပွန် ဆက်ဆံတတ်ကြသူတွေပဲ ဖြစ်ပါတယ်။

သင့်တော်တဲ့ပညာနဲ့ သင့်တော်တဲ့လူနေမှုတွေလည်း ရှိကြသူတွေပဲ ဖြစ်ကြပါတယ်။

အပြင်ပန်းကကြည့်ရင်၊ ဆက်ဆံထိတွေ့လိုက်ရင်၊ အားလုံး အထင်ကြီးစရာ၊လေးစားစရာချည်းပါ။ သို့သော် တကယ်တမ်း မှာတော့ အပေါ်ယံရွှေမှုန်ကြဲ၊အထဲကနောက်ချေး(နွားချေး)ခံ၊ အဲဒီဟန်ပန်လောက်သာ အနှစ်သာရဖြစ်ပါတယ်။

တခြား ဘာမျှမရှိပါ။ တကယ် အနှစ်သာရမှာတော့ သူတို့ဟာ ရမယ်ဆိုရင် ဘနဖူး သိုက်တူးမယ့်သူတွေလဲ ဟုတ်တယ်။

အာရုံခံစားမှုမှန်သမျှကိုတပ်မက်ပြီး၊အဲဒီအာရုံခံစားမှုတွေနောက် (အလကား) အချောင် လျှောက်လိုက်နေသူတွေပဲ ဖြစ်တယ်။

သို့သော်--

ဆိုလိုတာက မိမိဝင်ငွေ ချွေးနဲ့စာ အကြံညဏ်နဲ့ဖြင့် မဟုတ်ပါ။

ကြီးသူကလိမ်မယ်၊ အာဏာပါဝါရှိသလို ဟန်ဆောင်ချင်ဆောင်မယ်။

အဲဒီလိုနဲ့ လိမ်ညာမယ်၊ ငယ်ရွယ်သူတွေက ရုပ်ကလေး ဘာကလေး၊ ရှိုးကလေး မိုးကလေးနဲ့ လုပ်ကြံဖန်တီးယူမယ်၊ ယောကျ်ားသိက္ခာ ဘာညာ မရှက်ပါဘူး။

မိန်းကလေးက ဆိုဖွယ်ရာမရှိ။ အဲဒီလိုလုပ်စားနေကြတာမျိုး တွေ့ရတယ်။



ယခုခေတ်မှာ ခေတ်စားတဲ့ အကျိုးဆောင်အလုပ်(ပွဲစား)လဲ ပီပီပြင်ပြင်မဟုတ်၊ ငယ်ရွယ်သူ သမီးရည်းစား။ လင်မယား အတည် သဘော ဘဝကို ထူထောင် တည်ဆောက်လိုသူမျိုးလဲ မဟုတ်။

ပညာရှာသူ၊ ပညာရှာမှီးလိုသူ၊ ဉစ္စာစီးပွား ရှာကြံ၊ တိုးပွားဖို့ လှုပ်ရှားနေသူများလဲ လားလားမှမဟုတ်။

ခေတ်စကားနဲ့ပြောရရင် အလိုက်သင့် မောင်ဘဦးသမားတွေ ဖြစ်နေတာ တွေ့ရတယ်။ဒါမှမဟုတ်၊ ခေတ်ရေစီးမှာ စုန်ဆန် မျှောနေသူတွေ ဖြစ်ကြတယ်။

မိသားစုချင်း အပြုသဘော ပြောဆိုဝေဖန်မှုသဘောတွေ မတွေ့ရဘူး။တစ်ယောက်နဲ့တစ်ယောက်လဲ သံယောဇဉ်ရှိကြပုံ မပေါ် ပေဘူး။

မိသားစုချင်း၊ လိပ်ပမာ ကိုယ့်ဘက်ကိုယ်ယက်နေတာ တွေ့ရ တယ်။မိသားစုချင်းချင်းလဲ အကြောင်းသိချင်းဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် လေးနက်မှု၊ လေးစားမှုလဲ လုံးဝမရှိကြ။

တစ်စက်ကလေးမှ ညှာတာ စာနာမှု မရှိကြ။

သို့သော် အပြင်လူတွေနဲ့ ပတ်သက်လာတဲ့အခါ၊ သူတို့ မိသားစု တွေဟာ ကျိုးကန်းငှက်တွေပမာ၊ သူစိမ်းလူတွေအပေါ်မှာ ဝိုင်းအာ၊ ဝိုင်းညာ ဆက်ဆံကြတယ်။

အိမ်သားက အပြင်လူကို ပြဿနာဖန်တီးလာခဲ့မှုအပေါ်မှာ ဝိုင်းညာ လှည့်ဖြားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖြားဖို့ အကြံပေါ်မှာ အကွက်ဖန် ကြံစည် ဇာတ်တိုက်ပေးကြတယ်။

သူတို့ချင်း၊ မိသားစုချင်း ဘယ်လိုပဲပြဿနာဖြစ်ဖြစ်၊ သူတို့အတွင်းရေးကို သူများကို မပြောဘဲ၊ ရေငုံနှုတ်ပိတ် ဖုံးဖိနေရင်းက၊ အပြင်လူတွေအပေါ်မှာ ဟန်လုပ်ပြီး၊ သူတို့ချင်းက ဘုတ်ကို ကျီးမြှောက် ကျီးကိုဘုတ်မြှောက် လုပ်နေတတ်ကြတယ်။

အကြောင်းမသိရင် မလွယ်ပါ။ အကြောင်းသိရင် ရင်ထဲမှာ ကလိကလိ မချိစရာပါ။

သူတို့ဟာတကယ်တော့ သူတို့ဘဝမှာ သနားစရာအတိတွေပါ။ ကျီးအာသီးပမာ အနှစ်သာရ မဲ့နေသူတွေပါ။

သူတို့ဟာ ဘဝအနာဂတ်အတွက် ပြုပြင်တည်ဆောက်မှုဘာတစ်ခုမျှ မရှိပါ။

ဒါကြောင့် သူတို့မှာ မိသားစုချင်းလည်း စစ်မှန်တဲ့ မိသားစု မဖြစ်နိုင်ပါ။

ထို့အတူ စစ်မှန်တဲ့မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းလည်း မရှိနိုင်ပါ။

စစ်မှန်တဲ့ချစ်သူ၊ခင်ပွန်းလည်း ဘယ်လိုမှမရနိုင်ပါ။ဒါကြောင့် ဒီလိုမြို့ပြကမ္ဘာမှာ ဒုစရိုက်တွေထွေပြား၊ လေလွင့်သူတွေ ပေါများနေတာပဲ ဖြစ်ကြပါလိမ့်မယ်။

မြို့ပြက၊ ဟိုမရောက်ဒီမရောက်၊ ကော်လံဖြူ အထည်ကြီးပျက်၊ စက်ဆုပ်စဖွယ် သူတို့တွေလိုလူမျိုးတွေက ဆင်းသက်ဆက်နွှယ်



လာသူတွေရဲ့ လမ်းကြောင်းအစဉ်၊ ပေါ်ပင်စရိုက်လက္ခဏာအသွင်တွေဟာ၊ အမြင်မှာ ဟားစရာပဲ။

ကြည့်ပါ. . . . .

တတ်သလားဆိုတော့ မတတ်ပါ။ မတတ်ဘူးလားဆိုတော့ တတ်သလိုလိုပေါ့။

တကယ်တော့ အရည်မရ အဖတ်မရကြပါ။ အပြင်စရိုက်မှာ ရုပ်ရှင်ရိုက်စားနေသူများ ပမာတွေပါ။

မလွယ်ပါ။ ဘယ်လိုမှ ဆက်ဆံလို့မရပါ။ အလေးအနက်ထားလို့မရပါ။

သူတို့လိုပမာ ပြုမူကျင့်ကြံ နေထိုင် ကျင့်ကြံပါမှ နေထိုင်ဖြစ်ရတဲ့ အနေမျိုးပါ။

ပျက်စီးချင်ရင်လာခဲ့၊ အချိန်မရွေး၊မပျက်စီးချင်ရင် မလာနဲ့-ဆိုသူတွေပဲဖြစ်တယ်။

ထို့အတူ ပုလင်းတူဘူးဆို့လိုဝန်းကျင်မှာ သူတို့လိုလူတွေချည်းသာ တွေ့ရပါတယ်။

ပျံ့ကျလူတွေ၊ အလေနတောတွေ။

ရှိုးတွေမိုးတွေ တစ်လျှောက်ကြီးနဲ့ အပြင်ကလာကြတယ်။ အိမ်ထဲရောက်တော့ အရေခွံခွာချတယ်။

ဖဲရိုက်ဖို့လုပ်ကြတယ်၊ အတင်းအဖျင်း ပွဲခင်းဖို့ လာကြတယ်။ လေဖမ်းဒန်းစီးဖို့လာကြတယ်။ လေစိမ်းတွေ တိုက်ဖို့လာကြတယ်။ အနှစ်သာရ ဘာမှမပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရက်,လ,နှစ်တွေရှည်ကြာ သူတို့ဟာလည်း ရပ်တည် နေထိုင်နိုင်ကြတာပဲ။ ရပ်တည် စားသောက်နေထိုင်နိုင်ကြတာပဲ။

ဒါကြောင့်လည်း လူ့ခံတွင်းကို နတ်ထွင်းတဲ့ ပါးစပ်ရယ်လို့ ဆိုကြသလား မသိဘူး။

ကြည့်ပါ. . . . သူတို့ဟာတွေအလုပ်ဖြစ်နေကြတာကအိမ်ခန်းတွေ ငှားစားကြတယ်၊ ငယ်ရွယ်သူတွေက ကြိုက်ဟန် ချစ်ဟန်ဆောင် စားကြတယ်။

တချို့က အငယ်အနှောင်းကို ဒုတိယမဟုတ်ပါဘဲ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ . . . . . စတာတွေ လုပ်စားကြတယ်။

ပြီး. . . . . တစ်ယောက်မကောင်း တယောက်ပြောင်းရင်း လှည့်လည် ရပ်တည်နေကြတယ်။

ဒါတွေ. . . . ဒါတွေတော့ သူတို့ချင်း ရိုင်းပင်းအားပေး ထောက်ကူ ပြုနေကြတယ်။

ချေးငှား ဝေမျှ စားသောက်နေကြတယ်။

မကောင်းမှုဘက်က၊ ကောင်းမှုသမားတွေကို၊ ဝိုင်းညာလှည့်ဖြား၊ ကာဗာ လုပ်စားနေကြတယ်။

အပေါ်ယံရွှေမှုန်ကြဲ အထဲကနောက်ချေး(နွားချေး)ခံတွေ။

မယုံမရှိနဲ့ တကယ့်ကိုရှိကြတယ်။ လူမဟုတ်ဘူး ထင်ရတဲ့ နှလုံးသားမဲ့၊ ပန်းတိုင်မဲ့သူတွေ တစ်လှေကြီးတွေရှိကြတယ်။



သူတို့တွေကြား သွားလာရတာ သားရဲတွင်းနားကျက်စားနေရတဲ့ သားကောင်ပမာ။

ထောင်ချောက်အကြား လျှောက်သွား ကျက်စားနေရတဲ့ ချေသူငယ်ပမာ။

လူကောင်းတွေမှာ အားနည်းခိုကိုးရာ မဲ့လှပါတယ်။

ကြောက်စရာပါ. . . . .

လန့်စရာပါ. . . . .

တကယ့်ရာဇဝတ်အိုးတွေပါ။ ဒါကို ဘယ်လိုကျော်ဖြတ်ခဲ့သလဲ၊ ကွင်းရှောင်ခဲ့သလဲ။

မိမိဟာ၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ အလိုက်သိမှု၊ မိမိရည်ရွယ်ပန်းတိုင် အပျက်မခံနိုင်မှုတွေနဲ့ ချီတက်ကျော်ဖြတ်ကာ. . . . .

စိတ်ညစ်တာကို အားမာန်အဖြစ် မွေးရင်းက၊ အနာဂတ်အတွက် စိတ်လက်ရှည်ရှည် လျှောက်လှမ်း ဖြတ်ကျော်ခဲ့ရင်း လွတ်မြောက်လာခဲ့ရတယ်။

မိမိအညှာမလွယ်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မယိမ်းယိုင်မှုတွေ၊ ပြီးတော့ လူမှုဝန်းကျင်ကို စိတ်ဝင်စားကြည့်မောတတ်သူ၊ ပွဲကြည့်သူလို နေရင်းက ဝင်မကဖြစ်ခဲ့ရတာပါ။

ဝင်မပါအောင် သတိဆောင်၊ ကွင်းရှောင်နိုင်ခဲ့တာတွေကြောင့်ပဲ ဖြစ်ပါတယ်။

ပြီးတော့ စစ်မရောက်ခင် မြားမကုန်စတမ်း၊ ဘဝလမ်းမှာ လူမှာ အရေးကြီးတာ တစ်ခုရှိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံရှိသူ၊အလေ့အကျင့်ရှိသူတွေကသိကြပါလိမ့်မယ်။

အချိန်မကျခင်မှာ လျှာမရှည်၊ လေမပေါခဲ့မှုပါ။ ဝေဖန်စောကြောသမှု မပြုမိအောင် ရှောင်ခဲ့ခြင်းပါ။

"လောကကြီးမှာ နှုတ်မစောင့်ခြင်းထက် ကြောက်စရာကောင်းသည့် ရန်သူမရှိပါ"

ဆိုတာပဲ ဖြစ်ပါတယ်။

(သခင်ဘသောင်း)
တစ်ထောင့်တစ်ညပုံပြင်မှ

## ၁၆။ ရိုးသားမှုလူ ကြိုးစားမှုလူ

ထိန်းသိမ်းစောင့်ရှောက်မှုသည် ကိုယ်ကျင့်တရားတစ်ခု ဖြစ်သည်။ ကိုယ်ကျင့်တရားနှင့် စာနာတတ်မှု၊ သည်းခံနိုင်မှု၊ မေတ္တာကရုဏာ ထားနိုင်မှုများသည် အဆောက်အအုံ အရန်အဖြစ် ပါဝင်သည်။

(ဂန္ဒီ)

ဂန္ဒီဟာ အပြောနဲ့အဟောကို ညီအောင် နေထိုင် ကျင့်ကြံခဲ့သူပဲ ဖြစ်တယ်။



သူဟာ ပကာသန အပေါ်ယံအလှအပ ဘာတစ်ခုကိုမှ ခြယ်သ ပြင်ဆင်မှု မရှိခဲ့ပါဘူး။

နှလုံးသားအလှနဲ့ လောကသဘာဝကို အရှိအတိုင်း ခံစားခဲ့သူပဲ ဖြစ်ပါတယ်။

လောကကြီးတွင် တိုးတက်နေသူ ဟူသမျှသည် ဉာဏ်ကြီးသူများ မဟုတ်၊ တစ်ခုခုကို စူးစိုက်စွဲမြဲစွာလုပ်သဖြင့် ထိုအလုပ်နှင့် ပတ်သက်သမျှကို ကျွမ်းကျင်နားလည်နေသူများ ဖြစ်ကြလေသည်။

(ပီမိုးနင်း)

ပီမိုးနင်းကလည်း ထိုသို့ပဲ ဆိုထားခဲ့ပါတယ်။

လူ့သဘာဝမှာ ကြိုးစားနေရမယ်။

ရုန်းကန်နေရမယ်။

ကြိုးစားရုန်းကန်ရင်း သူ့အကျိုးရလဒ်ကို တစ်စုံတစ်ရာအထိ မည်သူမဆို ခံစားကြရမှာပဲ ဖြစ်ပါတယ်။

မလုပ်ရှား၊ မရုန်းကန်ပဲ ဖြစ်ထွန်းသူဟာ တကယ်ဖြစ်နေခဲ့ရင်တောင်မှ တန်ဖိုး မရှိလှပါဘူး။

တာရှည်မခံနိုင်ဘူး။

လူမစွမ်းနတ်မ ဆိုတဲ့စကားအတိုင်းပဲ ဖြစ်ပါတယ်။

တချို့ကလေးတွေပြောသလိုပဲ 'ငါ ချမ်းသာတာမှမဟုတ်ဘဲ၊ ငါ့မိဘချမ်းသာတာပဲ' ဆိုလိုတာမျိုးလိုပဲ ဖြစ်ပါတယ်။

ဟုတ်တယ်. . . . . တကယ်လည်း မိဘချမ်းသာသူများ၊

www.burmeseclassic.com

www.burmeseclassic.com



တချို့ သားသမီးတွေဟာ ကြွားဝါပလွှား စားသောက်မော်ကြွားပြီး ခြေဖျားထောက်နေကြတာ တွေ့ရပါတယ်။

ကိုယ်နဲ့မတန်မရာ ဝတ်စားကြွားဝါ နေကြပါတယ်။

ဒါပေမယ့်. . . . . ငယ်ရွယ်တဲ့ ဒီအရွယ်၊ ဒီအခြေအနေနဲ့၊

မိမိရဲ့ လုပ်အား ဉာဏ်အား ဝီရိယအားနဲ့ ဘယ်လိုမှ ကိုယ့်အစွမ်းကြောင့် မရနိုင်ဘူးဆိုတာ လူတိုင်းသိပြီး၊ သူ့ကြွားဝါမှုကို ပြုံးစိစိ ကြည့်ရှု နေကြမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် လူဟာ သူများနှာခေါင်းပေါက်နဲ့ အသက်ရှူသူ အဖြစ်ထက်၊ မိမိရဲ့ ကိုယ်ပိုင်ခြေထောက်နဲ့ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်သူ အဖြစ် လျှောက်လှမ်းနိုင်မှ ကိုယ်ပိုင်ဘဝကိုယ်ပိုင်ခြေလှမ်းတိုင်းဟာ တန်ဖိုးအနဂ္ဃထိုက်တန် ပန်ရ လှပလိမ့်မယ်။

ဒါအတွက် လူမှာ ခွန်အားရှိတယ်။

လူကြံရင် ဘာမဆို ဖြစ်နိုင်ပါတယ်။

ဒါပေမယ့် စွဲမြဲဖို့၊ အောက်ခြေမလွတ်ဖို့တော့ လိုမယ်။

"စူးစိုက်မှု"

မည်သည့်အတတ်မဆို သေချာစွာ တတ်မြောက်လိုလျှင် နေထွက်မှ နေဝင်သည်အထိတိုင်၊ ထိုအတတ်ကိုသာ စိတ်ဝင်စား ရမည်။

အချိန်တည်းဟူသော တန်ဖိုးကို အကျိုးမဲ့မဖြစ်စေရ။

(ရဲနော်လ်)



ဒီစကားဟာ လူဟာ အလုပ်တစ်ခုကို စွဲမြဲရမယ်ဆိုတာ တင်စား ပြောဆိုခဲ့တာပဲ ဖြစ်ပါတယ်။

မြန်မာစကားစုတွေထဲမှာ ဦးကျည်ပွေ့လို လူမျိုးလည်း ရှိတာပဲ။

အသက်ကြီးမှ ပညာသင်ကြား စာသင်လို့ တတ်မြောက်လာခဲ့ သူတွေ။

ဇွဲ၊ လုံ့လ၊ ဝီရိယကို မလျှော့ဇွဲနဲ့ကြိုးစားလို့ လယ်သမားဘဝမှ နန်းရင်ပြင်ကို ရောက်ခဲ့ရတဲ့ ဘိုးရာဇာလိုလူတွေ ဒုနဲ့ဒေးပဲ ရှိကြ ပါတယ်။

လမ်းပေါ်မှာ အခြေမဲ့အနေမဲ့ စာမတတ် ပေမတတ် ပေရေ နေခဲ့ရာက ကြိုးစားရုန်းကန်ရင်း လက်ဝှေ့အကျော်အမော် ဖြစ်ခဲ့ ရရှာတဲ့ ဂျိုးလူးဝစ်လို ပုဂ္ဂိုလ်မျိုးတွေလည်း လူ့လောကမှာ ဒုနဲ့ဒေး ရှိကြပါတယ်။

ထို့အတူ အမေရိကန်ပြည်က အေဗရာဟင်လင်ကွန်းဆိုရင် လူတိုင်းအတွက် စံနမူနာယူစရာပဲ။

သူဟာ မုဆိုးမသား၊ တောတွင်းသား၊ တဲကုပ်ထဲမှာ မွေးဖွား ချက်မြှုပ်ခဲ့ရသူပဲ။

အဖက ဉာဏ်နုံနဲ့သူ၊ အမိက ချူချာသူ။ လှေထိုး လှော်တိုက် ခွန်အားကို အရင်းအနှီးပြုခဲ့ရပြီး၊ ကိုယ့်ဘဝကိုယ် ကြိုးစားခဲ့ ရတယ်။

ဓာတ်တိုင်အောက်မှာ စာပေကို ဖတ်မှတ်သင်ယူခဲ့ရတယ်။

စာပေတတ်မြောက်လို့ ရှေ့နေရှေ့ရပ်ဖြစ်လာတဲ့အခါမှာလည်း မိမိတို့လို ဘဝတူများဘက်က ရပ်တည် ကိုယ်စားပြုခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အခကြေးငွေထက်၊ အမှန်တရားဘက်က ရပ်တည် ကိုယ်စား ပြုခဲ့တယ်။

ဒါကြောင့် သူ့သတင်း မွှေးခဲ့တယ်။

သူ ရှန်းကန်စဉ်က တစ်ညဥ့်တာ တည်းခိုခဲ့ရသူ၊ ကျွေးမွေး စောင့်ရှောက်ခံခဲ့ရသူ၊ အိမ်ရှင်မရဲ့သားဖြစ်သူအတွက် သူ့ အမှု အမှန်တရားပေါ်အောင်၊ ထိုသူ အမှုမှလွတ်အောင်ထိ သူကြိုးစား ဆောင်ရွက်ခဲ့တယ်။

ကျေးဇူးသိတတ်တဲ့သူ ဖြစ်တယ်။

ရှေ့နေဘဝမှ အဆင့်ဆင့်ကြိုးစားကာ သမ္မတရာထူးထိ သူ တက်ခဲ့တယ်။

ဒါပေမယ့် သူ့စိတ်နေ မပြောင်း။

သူ့လမ်းကြောင်းမပြောင်းဘဲ အများအတွက် ဆောင်ရွက်နေ ထိုင်သွားသူပဲ ဖြစ်တယ်။

နာမည်သတင်းဂုဏ် သင်းပျံ့သူပဲ ဖြစ်တယ်။

သူဟာ တို့များလူသားတွေအတွက် စံနမူနာယူထိုက်သူလူ၊ စံပြုထိုက်သူလူ။

ရှာမှရှားသူ လူတစ်ယောက်ပဲဖြစ်ပါတယ်။

သူဟာ အရုပ်ဆိုးတယ်။ အကျည်းတန်တယ်၊ ဘဝကြမ်း တယ်။ သူ့ခရီးက ခက်ထန်တယ်။

ဒါပေမယ့် သူမမှုပါဘဲ ခွဲနပဲထားကြိုးစားရင်းက၊ လူဆိုတာ ကြိုးစားရင် သူ့အတိုင်းအတာတစ်ခုအထိ ရောက်နိုင်ဖြစ်နိုင်တဲ့ သာဓကတွေ ပြသသူပဲဖြစ်တယ်။



သူဟာ လူသားအတွက်၊ အများအတွက် ဆောင်ရွက် လုပ်ကိုင် ကိုယ်စားပြုရမယ့် တာဝန် ဝတ္တရားတွေအပေါ်မှာ စံနမူနာ သက်သေတွေ ပြဆိုထားတယ်။

ဒါကြောင့် လူမှာအသက်ရှည်မှုဟာ ပမာနမဟုတ်ဘဲ၊ နာမည် စွဲမြဲတည်တံ့ရေးသာ အဓိက ပမာနပဲဖြစ်တယ်။

လူဟာလူသေတာထက် နာမည်မသေဖို့ကို ကြိုးစား ကြရမယ်။

ဒါအတွက် ရိုးသားကြပါ၊ ကြိုးစားကြပါစို့။

## ၁၇။ ပီဘိ, ပီတိ

- ကိုယ့်ထက်သာသူတွေအပေါ်မှာ မနာလိုစိတ်မရှိဘူးဆိုရင် ကိုယ့်ထက်ဆင်းရဲသူတွေအပေါ်မှာ မစာမနာမပြုဘူးဆိုရင်၊

- မောက်မောက်မာမာတွေမပြောဘူး၊ မဟုတ်တာတွေ မလုပ် ဘူးဆိုရင်၊

- သူများပစ္စည်းကို မတရားတဲ့နည်းနဲ့ မလိုချင်ဘူးဆိုရင်၊

- ရှာနိုင်တာထက် ပိုပြီးမသုံးဘူးဆိုရင်၊

- အသုံးအစွဲ မဟောရမ်းဘူးဆိုရင်၊

- ဒုက္ခကြီးထဲ ဒုက္ခတွေ့ရတာတွေဟာ၊ အဆင်မပြေမှုတွေ တွေ့ကြုံရတာတွေဟာ၊ အဆန်းရယ်လို့ မယူဆဘူးဆိုရင်၊

- နေရာတကာ ကိုယ်ကချည်းအသာလိုချင်တဲ့စိတ်နဲ့ လူတွေကို မဆက်ဆံဘူးဆိုရင်၊

× × ×

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူဟာ . . . . . စာအုပ်ကလေးတစ်အုပ်ကနေ စာပိုဒ်တွေကို ဖတ်ရှုလို့နေမိပါတယ်။

ဖတ်ရင်းလည်း ရင်မှာပီတိ ဂွမ်းဆီထိဖြစ်နေပါတယ်၊ ဒါတွေဟာ လူမှုရေးအပြုစကား၊ နှစ်သိမ့်စကားတွေပဲ ဖြစ်ပါတယ်။

× × ×

ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး
ဗုဒ္ဓမြတ်စွာ သာသနာ၏
ရှေးခါဘိုးဘ လက်ထက်ကလျှင်
ရသည့်တန်ဖိုး ထပ်မညိုးဖို့
အားကြိုးမာန်တက် ငါဆောင်ရွက်သည်
ဆက်လက် တည်တံ့ပါစေသော်. . . . .

(အရှင်ဇနကာဘိဝံသ)

တစ်ဘဝ သံသရာစာအုပ်မှ

အားကြိုးမာန်တက်ကြိုးစားအားထုတ်ပုံကို ပီတိနှလုံးပွားရပါတယ်။ သူ့အတွက်မဟုတ်ပါပဲ၊ အများအတွက် သာသနာအတွက် ဆောင်ရွက်အားထုတ်လိုဇောကိုပဲ ဖြစ်ပါတယ်။

လူတွင်တစ်ယောက် ဆိုရလောက်အောင်
ထွန်းတောက်မည့်သူ ထိုသည့်လူကား. . . .
ငယ်မူငယ်သွေး ငယ်ကလေးက
ဘိုးဘေးလည်းစောင့် မျိုးလည်းစောင့်၍-
စောင့်မည့်အရာ တွေ့မည်သာတည်း



ဝါသနာခေါ် အထုံသော်ကား. . . . .
မတော်မတဲ့ မရှိခဲ့၍
တဲ့ရာတော်ရာ ဝါသနာကြောင့်
ဉာဏ်ပါဝီရိ အမြဲရှိသား
မိမိဘိုးဘွား ဆရာများက
အားထားလေးမူ အရေးယူ၏၊
ထိုသူမျိုးသာ ဖြစ်ခဲ့ပါမူ
နောက်ခါဆက်ဆက် ညွှန့်အတက်ဖြင့်
ကွန့်လက်ဝေဖြိုး သစ်ပင်မျိုးသို့
တိုင်းကျိုးပြည်ရွာ သာသနာနှင့်
ဘာသာမျိုးနွယ် နိုကိုးဖွယ်သည်
ငယ်ငယ်သစ်ပင် သဘောတည်း။

(ဌင်းစာ ၃၃ မှ)

ဆရာတော်ဘုရားက လူတွင်လူတစ်ယောက် ထွန်းပေါက်ဖြစ်ထွန်းဖို့ရာမှာ ပတ်ဝန်းကျင်ကပါ အရေးကြီးကြောင်း ရေးသားစပ်ဆိုထားတဲ့ ကဗျာပဲဖြစ်ပါတယ်။

အကောင်းမြင်တဲ့ အပြုစိတ်မွေးပြီး မိမိအကျိုး အများ အကျိုးသယ်ပိုးဆောင်ရွက်နိုင်ရေး တွန်းအားပေးစာပေပဲ ဖြစ်ပါတယ်။

× × ×

မမွှဒူတမေး- သေရမှာ မကြောက်ဘူးလား?
တပည့်တော်ဖြေ- သေရမှာထက်၊ အောက်ကျနောက်ကျနေရမှာပိုပြီးတော့ ကြောက်ပါတယ်။

(ဌင်းစာ- ၁၄၅)

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏စာအုပ်တစ်နေရာမှာလည်း-
'အမှန်ကတော့ အများကြည်ညိုဖို့ထက် ကိုယ့်ကိုယ်ကို
ကြည်ညိုဖို့သာ အရေးကြီးပါတယ်။'

(၄င်း၊ စာ-၂၄၁)

ပါးစပ်က ဘုရားဘုရား လက်က ကားရားကားရား ပြောနေကြသူတွေ သင်ခန်းစာယူစရာ၊ မိမိလိပ်ပြာသာ အခရာဖြစ်တာကို ဖော်ပြထားတာတွေပဲ ဖြစ်ပါတယ်။

× × ×

အနှစ်လေးဆယ် သက်အရွယ်ကား
လူဝယ်ထက်အောက် တစ်ဝက်ရောက်ပေါ့
ခုလောက်ရွယ်တွင် အလုပ်ခွင်၌
စိတ်လျှင်မပြတ် ကိုယ်ပါကပ်၍
ပြတ်ပြတ်သားသား လုပ်ပါငြားလည်း
အများကျိုးသော် ကျိုးမပေါ်ခဲ့
အဖော်မမှီး တကိုယ်တည်းကား
ပြီးစီးရင်းသာ များသည့်တာကြောင့်
နေရာတိုင်းမှာ ဖော်မရှာခဲ့
ဘာသာကိုယ့်ဉာဏ် ကိုယ်တိုင်ကြံလျှင်
ခံနိုင်ရိုးလား အကျိုးများ။

(၄င်းစာ-၂၅၅)

ဆရာတော်ရဲ့ ရင်တွင်းစကားတွေပါပဲ၊ သူများကိုအားမကိုးလို့ပဲ၊ ကိုယ့်ကိုယ်ကိုအားကိုးအား လုံ့လပွားများရပုံတွေကို ဖတ်ရင်း နှစ်သိမ့်ကြည်နူးရပါတယ်။



နောက်ပြီးလဲ
လောကဓံတွေ့ရှိမှ အမျိုးမျိုးတွေ့ရမယ်၊
စိတ်အနေ မတုန်လှုပ်အောင် ထိန်းချုပ်ပါ့ကွယ်- တဲ့။

တစ်နေရာမှာ ရေးသားပြန်တယ်၊ လောကဓံအတွက် လက်မခံနိုင်စရာမရှိတဲ့ စကားအရာတွေပဲမဟုတ်လားဗျာ.....

× × ×

'ကောင်းဆိုးနှစ်တန် လောကဓံ
ခံနိုင်သူမှ လူတော်ကွ'.....တဲ့

(၄င်းစာ-၃၄၂)

၄င်းစာအုပ်တစ်နေရာမှာလည်း ဖတ်ရပြန်ပါတယ်၊ လောကဓံဆိုတာ ခံနိုင်မှတန်ကာကျတယ်၊ ပြီးတော့ အမေးအဖြေလေးတွေနဲ့ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ရေးထားပြီး၊ ဆရာစား၊ ပညာစားမပါပဲ၊ ရိုးသားရှင်းလင်းစွာ အများအတွက်တာ စာပေအရာတွေပဲ ဖြစ်ပါတယ်။

ဖတ်ရင်းခံစား အားသစ်မွေးရပါတယ်လေ။

× × ×

လောကလူ့မမြဲတာအရ လူဟာသေမျိုးပါပဲ။ အားလုံးသေကြရပါမယ်၊ သေကြရပါတယ်၊ အဓိကဟာ နာမည်မသေဖို့ပဲဖြစ်ပါတယ်။

ဆရာတော်လည်းသေခဲ့ပါတယ်၊ မသေခင်မှာ ဆရာတော်က နောက်ဆုံး စကား ညွှန်ကြားထားရှိသွားခဲ့ပါသေးတယ်။ သံဃာတရားတော် ဆိုပါတော့-

www.burmeseclassic.com

www.burmeseclassic.com



၁။ ငါတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်။
၂။ တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်။
၃။ ရသည့်ဥစ္စာ ချစ်သူပါ စွန့်ခွာသွားရမည်။
၄။ တစ်ကယ့်အရေး တစ်ကယ့်ဘေး
ဘယ်သွေး ဘယ်သား မကယ်ပြီ။
၅။ ငါနှင့်ရွယ်တူ ငါ့အောက်လူ
ကြီးသူသေကြ များလှပြီ။
၆။ စလာမစဲ အိုစမြဲ
ကိုယ်လဲ သေဘက် နီးခဲ့ပြီ။
၇။ ဇရာမီးတောင် ကိုယ်တည်းလောင်
သေအောင်မြိုက်တော့သည်။
၈။ မသေရခင် သွားလမ်းစဉ်.....
ကြိုတင် ပြင်သင့်ပြီ။
၉။ ဒါန သီလာ ဘာဝနာ.....
လမ်းသာထွင်လိမ့်မယ်။
၁၀။ မဂ္ဂင်ဖောင်ကြီး အမြန်စီး
ခရီးထွက်တော့မည် -- တဲ့။

ဆရာတော်ရေးသား မိန့်မှာခဲ့တာပဲ ဖြစ်ပါတယ်။ လူတွေအားလုံး၊ဘဝတွေ ရင်ဆိုင်နားလည်၊သတိသံဝေဂ ရကြစေဖို့ရာပဲ ဖြစ်ပါတယ်။

× × ×



**သမ္ဗုဒ္ဓဉာဏ်တော်အစွမ်းသုံးပါး**

(က) သိရန်မှန်က မကျန်ရအောင်
လုံးဝစုံလင် အကုန်မြင်.....
သမ္ဗုဒ္ဓဉာဏ်တော် အစွမ်းတည်း။
(ခ) သိသည့်တရား များအပြား၌
ဟောထားစဖွယ် နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် အကုန်မြင်.....
သမ္ဗုဒ္ဓဉာဏ်တော်အစွမ်းတည်း။
(ဂ) ကျွတ်ထိုက်ကြပေ များဝေနေ၏
ဣန္ဒြေစရိုက် သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် အကုန်မြင်
သမ္ဗုဒ္ဓဉာဏ်တော် အစွမ်းတည်း။
-ဉာဏ်တော်စွမ်းပကား ဤသုံးပါးကြောင့်
အများဝေနေ ကျွတ်လွတ်စေဖို့
မနေမနား သက်တော်အားဖြင့်
ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၌
ပရိနိဗ္ဗာန် စံသည့်တိုင်အောင်.....
သယ်ယူဆောင်.....

ဘုန်းခေါင်ငါတို့ ဘုရားတည်း..... ရယ်လို့လည်း စာအုပ်တစ်နေရာမှာ ဆရာတော် ညွှန်းစာရေးသားခဲ့တာ ဖတ်ရင်း ခံစား နားလည်ရပါတယ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဘဝပေးအခြေအနေအရ သံသရာလည်ပတ်မှုရဲ့ ဝဲဂယက် အလယ်မှာ စာရေးသူလည်း တစ်ယောက်အပါအဝင်ပါ။

စာရေးသူဟာလဲ အမြဲလင်း ဇွဲတင်း သဲအင်းအရိပ် (ခုတော့) ချွေးသိပ် နားခွင့် ကြုံခဲ့ရပါတယ်။ ကြည်နူးဖွယ်ပါ။

ပီဘိ, ပီတိ.....

ကွယ်လွန်တဲ့ အဖေအတွက်.....

ရှင်နေတဲ့ အမေအတွက်.....

ညီတွေ အတွက်.....

ညီမ အတွက်.....

တူမ အတွက် .....

ငါ့ အတွက်.....

ဘဝရဲ့ပေးဆပ်ခြင်း.....

လက်ငင်းဆန္ဒ ငါပြည့်ဝ.....

လောက ကြည်လင်.....

သန့်စင်စွလေ သန့်စင်စွ.....

တစ်ခါမှမရေးဘူးတဲ့ ကဗျာမျိုးကို ခုတော့ စာရေးသူ ရေးဖူး သွားခဲ့ရတယ်၊ ရေးခွင့်ရခဲ့တော့တယ်။

ဓမ္မမိတ်ဆွေတွေနဲ့ ပန်းဖလက်တွေထုတ်ကြတယ်၊ အသိချင်း အမြင်ချင်းတွေ ဖလှယ်ကြတယ်၊ရှေ့လုပ်ငန်းစဉ်တွေဆွေးနွေးကြ၊ ကော်မတီ ဖွဲ့ကြ၊ တာဝန်ခွဲကြ၊ တက်တက်ကြွကြွနဲ့ လောကရဲ့ အရိပ်တစ်ခုအောက်မှာ တူမျှစွာရယ်ပေါ့။ (နော့)



စာရေးသူဖြတ်သန်းလာခဲ့တဲ့ခရီးက မနီးလှပါဘူး၊ ဝေးလည်း ဝေးတယ်၊ ခက်လည်းခက်တယ်၊ လွယ်လည်းမလွယ်ဘူး၊ ရှုံးလည်း ရှုံးလောက်တယ်၊ သေလည်း သေလောက်တယ်၊ ဘဝလည်း ပျက်လောက်တယ်၊ ကြောက်လန့် စဖွယ်တွေ၊ မုန်တိုင်းတွေ၊ လှိုင်းတံပိုးတွေ၊ အန္တရာယ်တွေ၊ ရန်စွယ်တွေ၊ ရန်ဖက်တွေ၊ ငြိုငြင်မှုတွေ၊ မနာလိုမှုတွေ၊ အတားအဆီးတွေ၊ အခက်အခဲတွေ၊ ဆုံးရှုံးမှုတွေ ၊ အကျပ်အတည်းတွေ ၊ မလွတ်လပ်မှုတွေ ၊ စားဝတ်နေရေးတွေ ၊ ကျန်းမာရေးတွေ ၊ အခက်အခဲတွေ . . . တွေ . . တွေ . . တွေ . . . ကို ဖြတ်သန်းခဝါချခဲ့ကာ ၊ ခုတော့ခုတော့ ရွှေပြည်သာက သဲအင်းဂူ၊ အမှတ်(၄) တရားရိပ်သာမှာ .....

အေးငြိမ်းစွာ ချမ်းသာစွာ ဘဝခဏ နားခိုခွင့် ရတဲ့ အခါ.....

မှတ်ချက် ဒီလိုရေးခွင့် ကြုံခဲ့ပါတယ်။.....

ပူလောင်ခဲ့တဲ့ ဘဝမှာ

အေးမြတဲ့ ဘုရား တရား သံဃာ အရိပ်ကိုခိုလှုံရခြင်း၊ စာပေသမားများနဲ့ တွေ့ဆုံရခြင်း၊ ရင်းနှီးပျော်ရွှင်ရခြင်းများအတွက် တစ်သက်တာပီတိကို ခံစားရပါတယ်ရယ်လို့. . ·. သာ ရင်ဖွင့်လှာ မှတ်ချက်ကို လက်မှတ်ထိုး ရေးသားလိုက်မိ ပါတော့တယ် ခင်ဗျာ.....

ဘဝရဲ့ ပီဘိ, ပီတိပဲဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com



## ၁၈။ ဘဝလင်းရောင် စာတန်ဆောင်

"လောကအမြင်ပညာနည်းရင် လောကမှာနေလို့
ဘယ်ကောင်းတော့မလဲ"

(သိန်းဖေမြင့်)

(စာပေဘဝဇာတ်လမ်းစုံ ၃၊စာမျက်နှာ ၈၃-မှ)

စာပေတိုင်းကို စာကောင်းရယ်လို့ တစ်ဖက်သတ်ပြောဆိုလိုက်ရင် ကိုယ့်တပ်ကိုယ်ပြန်နင်းသလို ဖြစ်သွားနိုင်တယ်။

နှုတ်မှုအလွန်အကျွံနဲ့ အစွန်းတစ်ဖက် ရောက်သွားနိုင်တယ်။

လူမှာလိုပဲ စာမှာလည်း စာကောင်းရှိတယ်။ စာဆိုးရှိတယ်။

ဒါပေမယ့်စာပေမတတ်လို့လည်းမဖြစ်ဘူး၊စာတတ်မှဖြစ်မယ်။

တတ်ပြီး၊ စာကို ဖတ်ကြမှလည်း ဖြစ်မယ်။

ဖတ်တိုင်း ကောင်းသလားဆိုတော့ မကောင်းဘူးလို့ ပြောရမယ်။

ကိုယ့်ဘက်က သက်လုံကောင်းမှ လူတစ်ယောက်ဟာ စာစုံကို ဖတ်သင့်တယ်။

နို့မဟုတ်ရင် အစာကိုစားပြီး အစာအိမ်က မချေဖျက်နိုင်ရင် လူမှာ ဒုက္ခရောက်နိုင်သလို၊ စာဖတ်မှုမှာလည်း ဒုက္ခရောက်နိုင်တယ်။

ဒါကြောင့် 'အစာမကျေတာထက် စာမကျေတာ ပိုခက်တယ်' ဆိုကြတယ် မဟုတ်လား။



ကိုယ့်ဘက်က သက်လုံကောင်းရင် (ဒါမှမဟုတ်) သက်လုံမကောင်းဘူး ထင်ရသူကိုတော့ သင့်တော်တဲ့ စာကို ဖတ်ဖို့ အနီးကပ် ကြီးကြပ်သိထားသူတွေကပညာသားပါပါ လုပ်ဆောင်စီစဉ်ပေးသင့်ပါတယ်။

လူ့သဘောမှာ အညီရှိရင် ယင်အုံပမာ မကောင်းမှုမှာ သာယာ တတ်တဲ့သဘော ရှိပါတယ်။

အပျော်ဖတ် ဖျော်ဖြေရေး ဖေတော့မောင်တော့ အသတ်အဖြတ် အလိမ်အညာစာပေကြားမှာနုနယ်သူဟာပျော်ဝင်နစ်မြှုပ်သွားမှာပါပဲ။

မကောင်းဆိုးရွားမှုဆိုတာ ထုံးစံအတိုင်း ပရိယာယ်မာယာများလှပါတယ်။

ဖြားယောင်းသွေးဆောင်မှု များလှပါတယ်။

ဒါထက်ဆိုးတာက တချို့တွေဟာ သိသိနဲ့ပါပဲ။

အပျော်ဖတ် ဖျော်ဖြေရေး စာပေကြားမှာ ပျော်ပါးယစ်မူးနေသူတွေလည်း ဒုနဲ့ဒေး ရှိကြပါတယ်။

သူတို့က စာပေကို ဘိန်းစွဲသလိုစွဲပြီး ဘိန်းမှိန်းသလိုမှိန်းစားနေကြသူတွေပဲ ဖြစ်ပါတယ်။

အထူးသဖြင့် သိုင်းစာပေ ရေးသူတွေနဲ့ဖတ်သူတွေပဲ ဖြစ်ပါတယ်။

စာပေတွေက သူတို့ထက် နိမ့်တယ်။ ဖျော်ဖြေတယ်။

ဘဝနဲ့ကင်းလွတ် ထွက်ပေါက်လုပ်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဖတ်ပြီး ဘဝက ထွက်ပြေးရင်း ပျော်ပါးယစ်မူးနေကြတယ်။

အချစ်၊ အလွမ်း၊ စွန့်စားခန်း၊ လျို့ဝှက်သည်းဖို၊ ဂမ္ဘီရတွေ၊ ဖေတော့မောင်တော့တွေ၊စိတ်ကူးယဉ်ဘိန်းမှိုင်းတွေပဲဖြစ်ပါတယ်။

ဒါတွေကို အကြံအဖန်တွေ၊ အုပ်စုတွေနဲ့လုပ်နေကြတယ်။

ရေးသူကရေးပြီး အမည်ခံသူကခံ ထုတ်သူတွေက ထုတ်နေကြတယ်။

စာဖတ်သူတွေက ဒါကိုမသိ၊ တချို့လည်း သိသိနဲ့ပဲ ဘာညာအကြောင်းပြကာ စားသုံးပျော်ပါးနေကြတယ်။

လက်လီလက်ကား ဖြန့်ဖြူးသူတွေက ဖြန့်ဖြူးပေးနေကြပါတယ်။

လူမှာမသိလို့ အလိမ်ခံရတာထက် သိသိနဲ့ မိမိကိုယ်ဉာဏ အလိမ်အညာ ခံနေတယ်ဆိုတာ မိမိကိုယ်တိုင်က မရိုးသားရာ၊ ကြံရာပါ ဖြစ်နေတာကို ခမျာတို့များ စဉ်းစားမှ စဉ်းစားမိပါစ။

ဒီလိုရေးသူ၊ပြောသူကို အဲဒီလို လုပ်စားနေသူတွေက မနာလိုလို့ ပြောတယ်။

ကိုယ်မဖြစ်လို့ ပြောတယ်၊ ဘာညာပြောတတ်ကြတယ်။

လူမှာ ဝမ်းရေးက အရေးကြီးတယ်၊ ဘာပဲညာပဲ ပြောတတ်ကြတယ်။

တကယ်တော့ ဝမ်းရေးဆိုတာ မခက်ပါ။

ခွေး၊ ဝက်၊ ကြက်၊ ငှက်တောင်မှ စားသောက်ရပ်တည် နေနိုင်ကြသေးတာပဲ။

BURMESE CLASSIC .com



လူဟာ ဒါထက်တော့ အဆင့်မြင့်ဖို့ အရှက်ရှိဖို့ကောင်းတယ်လို့ ထင်တယ်။

ငွေရပြီးစတမ်း၊ ဝတ်ရစားရ ပြီးစတမ်း၊ လုပ်ကြေးဆိုရင် ဒီထက် အဆင့်နိမ့်ပြီး လူမှာ လုပ်စရာတွေ အများကြီးပဲ။

အဲဒီအများကြီးလုပ်တာကိုလည်း ဝမ်းရေးအတွက်လုပ်တာ ဘာညာတို့၊ တရားမျှတတယ် ဘာညာ မရှက်မကြောက် လျှောက်ပြောရင်လည်း ဖြစ်တာပါပဲ။

ဒါပေမယ့် လောကကြီးမှာ ကိုယ်တစ်ဦးတည်းတစ်ယောက်တည်း ပြောဟောနေရုံ ဆင်ခြေပေးနေရုံနဲ့ မပြီးပါဘူး။

အမှန်တရားမဟုတ်နိုင်ပါဘူး။

တကယ့် လူအများ၊ ပြည်သူအများတွေက လက်ခံ စံတင်နိုင်လောက်တဲ့ အထောက်အထားရှိမှ ဖြစ်ပါတယ်။

တကယ်တော့ မိုးကြိုးပစ်တာထန်းလက်နဲ့ကာလို့မဖြစ်ပါ ဘူး။

စာပေဟာ အင်မတန် တန်ဖိုးကြီးမားလှပါတယ်။

စာရေးသူပြောချင်တာကို ဖတ်သူကို ချပြ ဝေငှလို့ ရတယ်။

တစ်လောကလုံးထိ၊ကိုယ့်နိုင်ငံအကြောင်း၊ သူ့နိုင်ငံအကြောင်း၊ ယုံကြည်ချက်တွေ၊ ခံယူချက်တွေကို ပြောဆိုရေးသားလို့ရတယ်။

ပြီးတော့ စာပေဆိုတာ အေးအေးဆေးဆေး ဖတ်လို့ရတယ်။

ဘယ်ကိုယူသွားသွား၊ ယူလို့ရတယ်။ သားစဉ်မြေးဆက် သိမ်းဆည်းလို့ရတယ်။

ဘယ်လိုသုံးသုံး သုံးလို့ရတယ်။ စာပေဟာ ဒီလိုသဘောပဲ။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ဟာ ငြင်းမှာ မဟုတ်ပါ။

ဒီလိုသဘောရှိတဲ့ စာအုပ်အပေါ်၊ တလွဲတချော်လုပ်ကာ ဘာလို့ မတော်မတရား အလွဲသုံးစား လုပ်ချင်ကြရတာလဲ။

ဒီလိုလုပ်တာကို တို့များ ခံစားနေကြရတာလဲ၊ ခံစားကြရမှာလဲ။

တန်ဖိုးရှိလှတဲ့ အချိန်တွေကို မိမိငွေနဲ့ စက်ဝယ်ပြီး ဘာလို့ အချည်းနှီး ဖြုန်းတီး ယစ်မူးနေကြရတာလဲ၊ယစ်မူးနေကြရမှာလဲ။

လောကကြီးမှာ ချစ်စရာ စာပေတွေ၊ စာကောင်းတွေ၊ ဘဝ အတွက် အားပေးနေတဲ့ စာပေတွေ။

သင့်ဘဝကို ပြုပြင်နေတဲ့ စာပေတွေ၊ လက်တွဲခေါ်နေတဲ့ ရဲဘော်စာပေတွေ၊ သင့်အတွက် ရိုင်းပင်းနေတဲ့ စာပေတွေ။

ကူညီနေတဲ့ စာပေတွေ၊ ထောက်မနေတဲ့ စာပေတွေ။

ဘယ်လိုမဆို သင့်ကို ကောင်းကျိုးပြုဖို့ရာ စာတွေပေတွေ။ သင့် လက်တစ်ကမ်းမှာ အများကြီးရယ်၊ ဆာဆာဝေဝေ ရှိလို့ နေတယ်လေ။

အနှံ့အပြား လက်တစ်ကမ်းမှာ။

သင် လှမ်းယူလိုက်ပါ။

အားလုံး သင့်အတွက်တာချည်းပါ။

ဒါပေမယ့်.....

လောကရဲ့မကောင်းမှုအမှောင့်ပယောဂ၊ ရုပ်ပြ ဖြားယောင်း သွေးဆောင် ပိန်းပိတ်မှောင်တဲ့ အမှောင်ကမ္ဘာကို သင် စွန့်ခွာဖို့ လိုတယ်။

စွန့်ခွာဖို့ ကြိုးစားရပါလိမ့်မယ်။



လူများစုအကြိုက်၊ လူများစုစရိုက်၊ ရောယိမ်းလိုက်၊ ဘသား ယိမ်းလိုက်၊ စရိုက်ဖွဲ့နှောင်၊ ဝန်းကျင်ဘောင်၊ အမှောင်ကမ္ဘာကို သင် စွန့်ခွာဖို့လိုတယ်။

အဲဒီအမှောင်ရဲ့နောက်မှာ အလင်းတန်းဟာဝေဖြာလျက်ပါ။

အလင်းဆိုတာ ကြည်တဲ့၊ လင်တဲ့၊ ကောင်းမြတ်တဲ့၊ ဘဝသဘော၊လောကအမြင်ပဲ ဖြစ်တယ်။

အဲဒီသဘော လောကအမြင် အများစုဟာ၊ သင့် လက်တစ်ကမ်းမှာ ရှိနေကြပါတယ်။

အသာလေး နှိုက်ယူသွားရုံပါ။

နေထိုင်သွားရုံပါ။

သင့်ဘဝခရီးလမ်းမှာ ညစ်နွမ်းမဲမှောင်မှုကို သုတ်သင် ချေမှုန်းနေတဲ့၊ ရှင်းတဲ့ သန့်တဲ့ ရှင်တဲ့ သန်တဲ့ သင့်အတွက် ဘဝလင်းရောင် စာတန်ဆောင်တွေ၊ ရောင်ခြည်လင်းဖြာ၊ ကြိုလင့်စွာရှိ၊ (အို).....သိသူဖော်စား၊ မသိသူ ကျော်သွား၊ လှစ်ကြားခွန်းဟ၊ သင် မအ, နဲ့၊ မန, နဲ့လေ၊ စာပေကမ္ဘာ၊ စာဘဏ္ဍာတိုက်၊ နှိုက်ငင်ယူကျုံး၊ အသုံးချတတ်စေ၊ ပိုင်နိုင်စေ လို့သာ.....။

(ရမ္မာဝတီ)မောင်လှိုင်ရီ

ညဉ့် ၁း၁၅ နာရီ သယ်န်းဘျွန်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

<u>မှီငြမ်းပြုရာစာအုပ်တွေ</u>

စာရေးသူရဲ့--

၁။ မှတ်စုမှတ်ရာနီတိစာ၊(ရွှေဇီးကွက်စာပေ)၊

၂။ မှတ်ဖွယ်မှတ်ရာနီတိစာ( အောင်လမ်းညွှန်စာပေ)၊

၃။ ကမ္ဘာကျော်နီတိများ၊(အောင်လမ်းညွှန်စာပေ)၊


၄။ မှတ်သင့်မှတ်ရာနီတိစာ(မြတ်သီရိစာပေ)

ထုတ်ဝေစာအုပ်များနဲ့-

မောင်ပေါ်ထွန်း (မြန်မာပြန်) ယက်စ်တူရှင်ကို (သို့မဟုတ်) ဟုံက်ပွဲဝင်ကဗျာဆရာ၊ (ချင်းတွင်းတိုက်ထုတ်)၊ ပြီးတော့-လူရည်ချွန်၊ ၁၉၆၀-ပြည့်၊ ဇွန်လ စာပေဗိမာန်ထုတ်စာအုပ်တို့ကို ကိုးကား ရေးသားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com